# aum&E|oOj'pm'w ,apmi

၁ ခရစ်တော်ယေရှု၏တမန်တော်တစ်ပါးဖြစ်သော ငါပေါလုမှ နှုတ်ဆက်ပါ၏။ ငါသည် တမန်တော်တစ်ပါးဖြစ်ရန် ဘုရားသခင်သည် အလိုတော်ရှိ၏။ ခရစ်တော်၌ ငါတို့၏ ညီအစ်ကို တိမောသေထံမှလည်း နှုတ်ဆက်ပါ၏။ ကောရိန္သုမြို့၌ရှိသော ဘုရားသခင်၏ အသင်းတော်မှစ၍ အခါယပြည်တစ်ခုလုံး၌ရှိသော ဘုရားသခင်၏ လူအားလုံးတို့ကို ကြားလိုက်ပါ၏။

[၂] ငါတို့အဖ တည်းဟူသော ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ လာသော ကျေးဇူးတော် *(ကြင်နာခြင်း)* နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။

**ပေါလုသည် ဘုရားသခင်အား ချီးမွမ်းခြင်း**

[၃] ဘုရားသခင်နှင့် ငါတို့သခင်ယေရှုခရစ်တော်၏ ခမည်းတော်သည် ချီးမွမ်းခြင်းမင်္ဂလာရှိတော်မူစေသတည်း။ ဘုရားသခင်သည် သနားခြင်းကရုဏာနှင့်ပြည့်စုံတော်မူသောအဖဖြစ်၏။ [၄] သူသည် သက်သာခြင်းအားလုံးတို့၏ အဖဖြစ်၏။ ငါတို့သည် ဆင်းရဲဒုက္ခခံရသောအခါတိုင်း၌ သူသည် ငါတို့အား သက်သာစေ၏။ ထို့ကြောင့် ငါတို့သည်လည်း အခြားသော သူတို့သည် ဆင်းရဲဒုက္ခခံရသောအခါတိုင်း၌ သက်သာစေနိုင်မည်။ ဘုရားသခင်သည် ငါတို့အား ပေးတော်မူသော သက်သာစေခြင်းကဲ့သို့ ငါတို့သည်လည်း သူတို့ကို သက်သာစေနိုင်၏။ [၅] ငါတို့သည် ခရစ်တော်ကြောင့် အလွန်များပြားသော ဆင်းရဲခြင်းကို ဝေမျှခံစားရကြ၏။ ထိုနည်းတူ ခရစ်တော်အားဖြင့် ငါတို့ခံရသော သက်သာခြင်းသည် အလွန်များပြား၏။ [၆] အကယ်၍ ငါတို့သည် ဆင်းရဲခြင်းများစွာကို ခံရလျှင် ထိုဆင်းရဲခြင်းများသည် သင်တို့၏ သက်သာခြင်းနှင့် ကယ်တင်ခြင်းအတွက်ဖြစ်၏။ အကယ်၍ ငါတို့သည် သက်သာခြင်းရှိလျှင် ထိုအရာသည်လည်း သင်တို့၏သက်သာခြင်းအတွက်ဖြစ်၏။ ငါတို့ခံရသော ဆင်းရဲခြင်းကဲ့သို့ သင်တို့သည်လည်း စိတ်ရှည်စွာသည်းခံခြင်းအားဖြင့် ခံယူနိုင်ရန် ထိုအရာသည် သင်တို့ကို ကူညီမစပါမည်။ [၇] သင်တို့အတွက် ငါတို့၏ မျှော်လင့်ခြင်းသည် ကြီး၏။ ငါတို့ခံရသော ဆင်းရဲခြင်းများကို သင်တို့သည်လည်း ဝေမျှ၍ခံစားရကြသည်ကို ငါတို့ သိကြ၏။ ထို့ကြောင့် ငါတို့၏သက်သာခြင်းကိုလည်း သင်တို့သည် ဝေမျှခံစားရမည်ကို ငါတို့သိကြ၏။

[၈] ညီအစ်ကိုမောင်နှမများတို့၊ အာရှပြည်၌ ငါတို့ခံရသောဆင်းရဲခြင်းအကြောင်းကို သင်တို့အား သိစေရန် ငါတို့အလိုရှိ၏။ ငါတို့သည် ကြီးမားသော တာဝန်များစွာ ထိုနေရာ၌ ရှိကြ၏။ ထိုဝန်တာများသည် ငါတို့၌ရှိသော ခွန်အားထက် သာ၍ကြီးမား၏။ ငါတို့သည် အသက်ရှင်ခြင်းအတွက် မျှော်လင့်ခြင်းကိုပင် စွန့်လွှတ်ရလောက်အောင်ရှိ၏။ [၉] ငါတို့သည် သေရကြလိမ့်မည်ဟု ငါတို့၏ စိတ်နှလုံးထဲ၌ အမှန်စင်စစ် ယုံကြည်ခဲ့ကြ၏။ သို့သော်လည်း ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ ငါတို့သည် မိမိကိုယ်ကို မကိုးစားကြရန်ဖြစ်၏။ ထိုကဲ့သို့ ဖြစ်ပေါ်လာရခြင်းဖြင့် သေလွန်သောသူတို့ကို ထမြောက်စေတော်မူသော ဘုရားသခင်၌ ငါတို့သည် ကိုးစားရမည့်အကြောင်းဖြစ်၏။ [၁၀] ဘုရားသခင်သည် ငါတို့ကို ဤမျှလောက်ကြီးမားသောသေခြင်းအန္တရာယ်များကြားမှ ကယ်လွှတ်တော်မူပြီ။ ဘုရားသခင်သည် ငါတို့ကိုဆက်လက်၍ ကယ်လွှတ်တော်မူလိမ့်မည်။ ငါတို့သည် ငါတို့၏ ယုံကြည်ခြင်းကို သူ့အပေါ်၌ ထားကြ၏။ သူသည်လည်း ငါတို့ကို ဆက်လက်၍ ကယ်လွှတ်တော်မူပါလိမ့်မည်။ [၁၁] သင်တို့သည် ဆုတောင်းခြင်း၌ ငါတို့ ကို ကူညီနိုင်၏။ ထို့နောက် သူတို့၏များစွာသော ဆုတောင်းပေးခြင်းကြောင့် ဘုရားသခင်သည် ငါတို့ကို ကောင်းချီးပေးတော်မူ၍ များစွာသော သူတို့သည်လည်း ငါတို့အတွက် ကျေးဇူးတော်ကို ချီးမွမ်းကြလိမ့်မည်။

**ပေါလု၏အစီအစဉ်များ ပြောင်းလဲလာခြင်း**

[၁၂] ငါသည် အဘယ်သို့ ဝါကြွားသနည်းဆိုသော် ထိုအရာသည် မှန်ကန်ကြောင်းကို ငါ၏ စိတ်နှလုံး၌ အကြွင်းမဲ့ဝန်ခံပြောဆိုနိုင်၏။ ဤလောက၌ ငါတို့ကျင့်ကြံပြုမူသမျှသောအရာများအားလုံးတို့တွင် ငါတို့သည် ဘုရားသခင်ထံတော်မှလာသော ရိုးသား

ဖြောင့်မတ်ခြင်းနှင့် ဖြူစင်သောနှလုံးသားတို့ဖြင့်
ခပ်သိမ်းသောအရာတို့ကို ကျင့်ကြံပြုမူကြ၏။ သင်
တို့နှင့်အတူ ငါတို့ ကျင့်ကြံပြုမူသောအရာများတို့
သည်ပင် ပိုမို၍မှန်ကန်ပါသည်။ ငါတို့သည် ဘုရား
သခင်၏ ကျေးဇူးတော် *(ကြင်နာခြင်း)* အားဖြင့် ဤ
အရာကို ကျင့်ကြံပြုမူကြ၏။ ငါတို့သည် လောကီ
ပညာမျိုးအားဖြင့် ကျင့်ကြံပြုမူကြသည် မဟုတ်။
၁၃ သင်တို့သည် ဖတ်၍နားလည်နိုင်သောအရာများ
ကိုသာလျှင် သင်တို့ထံသို့ ငါတို့ ရေးသားကြ၏။
သင်တို့သည်လည်း အကုန်အစင်နားလည်ကြလိမ့်
မည့်အကြောင်း ငါတို့မျှော်လင့်လျက်နေကြ၏။ ၁၄ တစ်
စုံတရာသော ငါတို့အကြောင်းကို သင်တို့သည်
နားလည်ခဲ့ပြီးသကဲ့သို့ဖြစ်၏။ ငါတို့၏ သခင်ယေရှု
ခရစ်တော်သည် တစ်ဖန်ကြွလာတော်မူသောနေ့
ရက်၌ သင်တို့သည် ငါတို့၏ ဝါကြွားဝမ်းမြောက်
ခြင်းအကြောင်းဖြစ်ကြသကဲ့သို့ ငါတို့သည်လည်း
သင်တို့၏ဝါကြွားဝမ်းမြောက်ခြင်းအကြောင်းဖြစ်ကြ
လိမ့်မည်ကို သင်တို့သည် နားလည်ကြလိမ့်မည်
ဟု ငါသည် မျှော်လင့်လျက်နေ၏။
၁၅ ဤအရာအားလုံးတို့၌ ငါသည်အလွန် သေ
ချာလျက်ရှိ၏။ ထိုအကြောင်းကြောင့် ငါသည် သင်
တို့ဆီသို့ အရင်လာမည်ဟု အကြံရှိ၏။ ထို့နောက်
သင်တို့သည် ဒုတိယအကြိမ် တစ်ဖန် ကောင်းချီး
မင်္ဂလာဆုကျေးဇူးကို ခံရကြမည်။ ၁၆ ငါသည် သင်
တို့ဆီသို့ အလည်အပတ်လာသောခရီး၌ မာကေ
ဒေါနိပြည်သို့လည်း သွားမည်ဟုစီစဉ်၏။ ထို့နောက်
ငါသည် အပြန်ခရီးတွင် သင်တို့ဆီသို့ တစ်ဖန်ဝင်
လာဦးမည်ဟု အကြံရှိ၏။ ယုဒပြည်သို့ ငါသွားသော
ခရီးလမ်းတွင် သင်တို့ထံမှ အကူအညီကို ခံယူရန်
အလိုရှိခဲ့၏။ ၁၇ ငါသည် အမှန်တကယ် ဆင်ခြင်
တွေးတောခြင်းမပါဘဲ ထိုအစီအစဉ်များကို ကြံစည်
သည်ဟု သင်တို့သည် ထင်မှတ်ယူဆမိကြပါသ
လား။ သို့မဟုတ် လောကီသားတို့သည် အစီအစဉ်
များကို ရေးဆွဲသကဲ့သို့ ငါသည်လည်း အစီအစဉ်
များကို ကြံစည်ပြီး တစ်ချိန်တည်းမှာပင် "ဟုတ်
မှန်၏၊ ဟုတ်မှန်၏"ဟူ၍လည်းကောင်း၊ "မဟုတ်မ
မှန်၊ မဟုတ်မမှန်"ဟူ၍လည်းကောင်း ငါပြောဆို
ပြီဟု သင်တို့သည် ထင်မှတ်ယူဆကြပါသလား။
၁၈ သို့သော်လည်း အကယ်၍ သင်တို့သည်
ဘုရားသခင်ကို ယုံကြည်နိုင်လျှင် ငါတို့သည် သင်
တို့အား ပြောသောစကားသည် "ဟုတ်မှန်၏"ဟူ၍
လည်းကောင်း၊ "မဟုတ်မမှန်"ဟူ၍လည်းကောင်း
ဘယ်သောအခါမျှ နှစ်ခုစလုံး ဒွန်တွဲ၍ မဆိုလို
သည်ကို သင်တို့သည် ယုံကြည်နိုင်ကြမည်ဖြစ်၏။
၁၉ သိလွာနု၊ တိမောသေနှင့် ငါတို့သည်သင်တို့အား
ဟောပြောသော သားတော်ယေရှုခရစ်တော်သည်
"ဟုတ်မှန်၏"ဟူ၍လည်းကောင်း "မဟုတ်မမှန်"
ဟူ၍လည်းကောင်း မဆိုလို။ ခရစ်တော်၌ ထိုအရာ
သည် အစဉ်မပြတ် "ဟုတ်ပါ၏"ဟူ၍သာ ဆိုလို၏။
၂၀ "ဟုတ်မှန်၏"ဟူသော ဘုရားသခင်၏ ကတိ
တော်များအားလုံးတို့သည် ခရစ်တော်၌ ဖြစ်ကြ၏။
ထိုအကြောင်းကြောင့် ခရစ်တော်အားဖြင့် ဘုရား
သခင်၏ ဘုန်းအသရေတော် ထင်ရှားပါစေသော။
"အာမင်"ဟူ၍ ငါတို့ ပြောဆိုကြ၏။ ၂၁ ဘုရားသခင်
သည် သင်တို့နှင့် ငါတို့ကို ခရစ်တော်၌ ခွန်အား
နှင့်ပြည့်စုံစေတော်မူသောသူဖြစ်၏။ ဘုရားသခင်
သည် ငါတို့အား ဘိသိက်ပေးတော်မူ၏။ ၂၂ ငါတို့
သည် ကိုယ်တော်ပိုင်ဆိုင်သောသူများဖြစ်ကြောင်း
ကို ထင်ရှားစေရန် သူသည် ငါတို့ အပေါ်၌ သူ၏
အမှတ်တံဆိပ်ကို ခတ်တော်မူ၏။ သူပေးတော်မူ
သော ကတိတော်အတိုင်း သူသည် ငါတို့အားပေး
တော်မူမည်ဖြစ်ကြောင်း သက်သေထင်ရှားစေရန်
သူ၏ဝိညာဉ်တော်ကို ငါတို့၏ စိတ်နှလုံးထဲ၌ အာ
မခံ *(စရန်)* အဖြစ် သွင်းပေးတော်မူ၏။
၂၃ ငါသည် ကောရိန္သုမြို့သို့ ပြန်မလာသည့်
အကြောင်းရင်းမှာ ငါသည် သင်တို့အားပြစ်ဒဏ်ခံ
ခြင်း သို့မဟုတ် နာကျင်ခြင်းကို ခံရန် အလိုမရှိ
သောကြောင့်ဖြစ်၏။ ဤအကြောင်း မှန်ကန်သည်
ကို သက်သေဖြစ်စေရန် ငါသည် ဘုရားသခင်ကို
တောင်းပန်ပြီးဖြစ်ကြောင်း သင်တို့အား ငါပြော၏။
၂၄ ငါတို့သည် သင်တို့၏ ယုံကြည်ခြင်းကို ထိန်းချုပ်
ရန် ကြိုးစားနေသည်ဟု ငါမဆိုလို။ သင်တို့သည်
ယုံကြည်ခြင်း၌ အားကြီးသောသူဖြစ်၏။ သို့သော်လည်း
သင်တို့၏ဝမ်းမြောက်ခြင်းအကြောင်းဖြစ်စေရန် ငါတို့
သည် သင်တို့နှင့်အတူ လုပ်ဆောင်သောသူများ
ဖြစ်ကြ၏။
၂ ထို့ကြောင့် ငါသည် နောက်တစ်ဖန် သင်တို့ဆီ
သို့ အလည်အပတ်လာသောအခါ သင်တို့ကို
ဝမ်းနည်းစေသောအလည်လာခြင်း မဖြစ်စေရန် ငါ
သည် စိတ်ဆုံးဖြတ်ခဲ့ပြီ။ ၂ အကယ်၍ ငါသည် သင်
တို့ကို ဝမ်းနည်းစေလျှင် မည်သူသည် ငါ့အား ဝမ်း
မြောက်စေလိမ့်မည်နည်း။ ငါဝမ်းနည်းစေသော
သင်တို့သည်သာ လျှင် ငါ့ကို ဝမ်းမြောက်စေကြ၏။
၃ ဤအကြောင်းကိစ္စအတွက် သင်တို့ကို ငါစာရေး

ခဲ့၏။ သို့ဖြစ်၍ ငါသည် သင်တို့ဆီသို့ လာသော
အခါ ငါ့ကို ဝမ်းမြောက်စေသောသူတို့အားဖြင့် ငါ့ကို
ဝမ်းနည်းခြင်းမပြုစေနှင့်။ သင်တို့အားလုံးကို ငါယုံ
ကြည်စိတ်ချ၏။ သင်တို့အားလုံးသည် ငါ၏ဝမ်း
မြောက်ခြင်းကို ဝေမျှခံစားကြရမည်ဟု ငါ အသေ
အချာ သိခဲ့ရ၏။ [၄] ငါသည် သင်တို့ဆီသို့ စာမရေးမီ
စိတ်နှလုံးထဲ၌ အလွန်ညှိုးငယ်ပူပန်ခြင်း နှင့် မပျော်
ရွှင်နိုင်ခဲ့။ ငါသည် မျက်ရည်များစွာကျလျက် ရေးခဲ့
၏။ သင်တို့ကို ဝမ်းနည်းစေရန် ငါမရေးခဲ့။ ငါသည်
သင်တို့ကို အဘယ်မျှချစ်သည်ကို သင်တို့သည်
သိနိုင်မည် အကြောင်း ငါရေးခဲ့၏။

## သင်တို့ကို မတရားပြုသောသူတို့ကို ခွင့်လွှတ်ကြပါ

[၅] သင်တို့အထဲ၌ တစ်ယောက်သောသူသည်
ဝမ်းနည်းခြင်းအကြောင်းကို ဖြစ်စေ၏။ သူသည် ဤ
ဝမ်းနည်းခြင်းအကြောင်းကို ငါ့အားဖြစ်စေသည် မ
ဟုတ်။ သို့သော်လည်း သင်တို့အားလုံးကို ဖြစ်စေ
၏။ သူသည် တစ်နည်းတစ်လမ်းအားဖြင့် အားလုံး
တို့အပေါ်၌ ဝမ်းနည်းခြင်းအကြောင်းကို ဖြစ်စေပြီ
ဟု ငါဆိုလိုခြင်းဖြစ်၏။ (အမှန်တကယ်ဖြစ်သော
အခြေအနေထက် ပို၍ဆိုးသောအခြေအနေကိုဖြစ်
စေရန် ငါအလိုမရှိ)။ [၆] သင်တို့တွင် အများသော
သူတို့သည် ထိုသူ့ကို ပေးသောအပြစ်ဒဏ်သည်
သူ့အတွက် လုံလောက်ပြီ။ [၇] သို့သော်လည်း ယခု
တွင်သင်တို့သည်သူ့အား ခွင့်လွှတ်လျက် အားပေး
နှစ်သိမ့်၍ သက်သာစေကြပါ။ ဤအရာသည် ထို
သူအား အလွန်အမင်းဝမ်းနည်းခြင်းနှင့် လုံးဝလက်
လွှတ်ဆုံးရှုံးခြင်းမှ ကွယ်ကာတော်မူလိမ့်မည်။ [၈]ထို့
ကြောင့် သင်တို့သည်သူ့ကိုချစ်ကြသည့်အကြောင်း
ကိုသူ၌ထင်ရှားစေကြရန် သင်တို့ကို ငါတောင်းပန်
၏။ [၉]ဤအကြောင်းကြောင့် သင်တို့အား ဤအရာကို
ရေးရခြင်းဖြစ်၏။ သင်တို့သည် အရာရာ၌နားထောင်
သည် နားမထောင်သည်ကို သိမြင်လို၍ သင်တို့ကို
စုံစမ်းသောအားဖြင့် ငါရေး၏။ [၁၀] အကယ်၍ သင်
တို့သည် တစ်ယောက်သောသူကို ခွင့်လွှတ်လျှင်
ငါသည်လည်း ထိုသူကို ခွင့်လွှတ်မည်။ ထိုသို့ဆို
သော် ငါသည် အဘယ်အရာကို ခွင့်လွှတ်ခဲ့ပါသ
နည်း။ အကယ်၍ ငါသည် တစ်စုံတစ်ရာကို ခွင့်
လွှတ်လျှင် ငါသည် သင်တို့အတွက် ခွင့်လွှတ်၏။
ခရစ်တော်သည် ငါနှင့်အတူရှိတော်မူ၏။ [၁၁] ငါသည်
ဤအရာကို ပြုခဲ့၏။ သို့ဖြစ်၍ စာတန် *(မာရ်နတ်)*
သည် ငါတို့ထံမှ မည်သည့်အရာကိုမျှ အောင်နိုင်
လိမ့်မည် မဟုတ်။ စာတန်၏ အကြံအစည်များသည်
အဘယ်သို့ရှိသည်ကို ငါတို့သည် ကောင်းစွာ သိ
ကြ၏။

## တရောမြို့၌ ပေါလု၏စိုးရိမ်ကြောင့်ကြခြင်း

[၁၂] ငါသည် ခရစ်တော်၏ဝမ်းမြောက်စရာသတင်း
ကောင်းကို ဟောပြောရန် တရောမြို့သို့ သွားခဲ့၏။
သခင်ဘုရားသည် ထိုနေရာ၌ ငါ့အား အခွင့်အခါ
ကောင်းကို ပေးတော်မူ၏။ [၁၃] သို့သော်လည်း ငါ၌
ငြိမ်သက်ခြင်း မရှိခဲ့။ အဘယ်ကြောင့်ဆိုသော် ငါ
သည် ထိုနေရာ၌ညီအစ်ကိုတိတုကိုရှာ၍မတွေ့ခဲ့။
ထို့ကြောင့် ငါသည် ထိုသူတို့ကို ခွင့်ပန်ကာ နှုတ်
ဆက်၍ မာကေဒေါနိပြည်သို့ ထွက်သွားခဲ့၏။

## ခရစ်တော်အားဖြင့်အောင်မြင်ခြင်း

[၁၄] သို့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်
ကို ချီးမွမ်းခြင်းရှိပါစေသော။ ခရစ်တော်အားဖြင့်
အောင်မြင်ခြင်းကို ရရှိစေရန် ဘုရားသခင်သည် ငါ
တို့အား အစဉ်အမြဲ လမ်းပြဦးဆောင်တော်မူ၏။
ဘုရားသခင်သည် သူ၏ပညာတော်ကို ချိုသာ၍
မွှေးကြိုင်သောရနံ့ကဲ့သို့နေရာတိုင်း၌ ပျံ့နှံ့ကာ မွှေး
ကြိုင်စေရန် ငါတို့ကို အသုံးပြုတော်မူ၏။ [၁၅] ငါတို့
သည် ဘုရားသခင်အား ပေးလှူသောအရာမှာ ဤ
သို့ဖြစ်၏။ ငါတို့သည် ကယ်တင်တော်မူခြင်းသို့
ရောက်သောသူတို့နှင့် ဆုံးရှုံးခြင်းသို့ရောက်သော
သူတို့အလယ်တွင် ခရစ်တော်၏ချိုသာသောအမွှေး
အကြိုင်များဖြစ်ကြ၏။ [၁၆] ငါတို့သည် ဆုံးရှုံးခြင်းသို့
ရောက်သောသူတို့တွင် သေခြင်းကို ယူဆောင်လာ
သောသေခြင်း၏ အမွှေးအကြိုင်ဖြစ်ကြ၏။ သို့သော်
လည်း ငါတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်
သော သူတို့တွင် အသက်ရှင်ခြင်းကို ယူဆောင်
လာသော အသက်ရှင်ခြင်း၏ အမွှေးအကြိုင်ဖြစ်ကြ
၏။ ထို့ကြောင့် ဤအမှုအရာကိုပြုလုပ်ရန် မည်သူ
သည် ထိုက်တန်စွာ ကောင်းမွန်ပါနည်း။ [၁၇] ငါတို့
သည် များစွာသောအခြားသူတို့ ပြုသကဲ့သို့ အမြတ်
အစွန်းကိုရရန်အတွက် ဘုရားသခင်၏ နှုတ်ကပတ်
တော်ကို အရောင်းအဝယ်မပြုကြ။ ငါတို့သည် ထိုသို့
မပြုကြ။ သို့သော်လည်း ငါတို့သည် ခရစ်တော်၏
သမ္မာတရားကို ဘုရားသခင်ရှေ့တွင် ဟောပြော
ကြ၏။ ဘုရားသခင်ထံတော်မှ စေလွှတ်တော်မူ
သောသူများကဲ့သို့ ငါတို့သည် ဟောပြောကြ၏။

**ဘုရားသခင်၏အစေခံကျွန်များ၌**
**အသစ်သောသဘောတူညီချက်**

၃ ငါတို့သည် ကိုယ့်ကိုယ်ကို ဝါကြွားချီးမွမ်းခြင်း
ကို တစ်ဖန်အစပြုကြပြီလား။ ငါတို့သည် အခြား
သူများကဲ့သို့ သင်တို့ထံ သို့မဟုတ် သင်တို့ထံမှ
မိတ်ဆက်သောစာများကို လိုအပ်ပါသလား။ ၂ သင်
တို့ကိုယ်တိုင်သည် ငါတို့၏စာဖြစ်ကြ၏။ ထိုစာသည်
ငါတို့၏ စိတ်နှလုံးများ၌ ရေးထားသော စာဖြစ်၏။
ထိုစာသည် လူအားလုံးတို့အားဖြင့် သိနိုင်၍ ဖတ်
နိုင်သောစာပင်ဖြစ်၏။ ၃ သင်တို့သည် ငါတို့ထံမှ
စေလွှတ်သော ခရစ်တော်၏စာဖြစ်ကြသည်ကို ထင်
ရှားစေကြပါ။ ဤစာသည် မှင်ဖြင့်ရေးသားသော
စာမဟုတ်။ သို့သော်လည်း အသက်ရှင်တော်မူသော
ဘုရားသခင်၏ ဝိညာဉ်တော်ဖြင့် ရေးသားတော်မူ
၏။ ထိုစာသည် ကျောက်ပြားများပေါ်၌ ရေးထား
သောစာမဟုတ်။ ထိုစာသည် လူတို့၏ နှလုံးသား
များအပေါ်၌ ရေးထားသော စာဖြစ်၏။
၄ ငါတို့သည် ဤအရာများကို ပြောနိုင်၏။ အ
ဘယ်ကြောင့်ဆိုသော် ငါတို့သည် ခရစ်တော်အားဖြင့်
ဘုရားသခင်၏ရှေ့တော်၌ အသေအချာ ခံစားရကြ
၏။ ၅ ငါတို့သည် ငါတို့ကိုယ်တိုင် ကောင်းသော
အရာတစ်စုံတစ်ခုပြုနိုင်စွမ်းရှိသည်ဟု ငါမဆိုလို။
ငါတို့ပြုသောအရာ အားလုံးတို့ကိုပြုနိုင်တော်မူသော
သူသည် ဘုရားသခင်ဖြစ်တော်မူ၏။ ၆ ဘုရားသခင်
ထံတော်မှလာသော ပဋိညာဉ်တရားသစ်ကို မိမိ၏
လူတို့အား အမှုဆောင်ရွက်ရန် ဘုရားသခင်သည်
ငါတို့အား တတ်နိုင်စေတော်မူ၏။ ဤပဋိညာဉ်တရား
သစ်သည် ကျမ်းဟောင်း၌ ရေးထားသောတရားကို
မဆိုလို။ ထိုအရာသည် ဝိညာဉ်တော်တရားဖြစ်၏။
ကျမ်းဟောင်းတရားသည် သေခြင်းကို ယူဆောင်
လာ၏။ သို့သော်လည်း ဝိညာဉ်တော်တရားသည်
အသက်ရှင်ခြင်းကို ပေးတော်မူ၏။

**ပဋိညာဉ်တရားသစ်သည် သာ၍ကြီးသော**
**ဘုန်းအသရေတော်ကို ယူဆောင်လာ၏**

၇ သေခြင်းကိုယူဆောင်လာခဲ့သော အမှုဆောင်
ခြင်း *(ပညတ်တရား)* သည် ကျောက်ပြားပေါ်၌
ရေးထားသောတရားဖြစ်၏။ ထိုတရားသည် ဘုရား
သခင်၏ ဘုန်းအာနုဘော်နှင့်လာခဲ့၏။ မောရှေ၏
မျက်နှာသည် ဘုန်းရောင်ခြည်တော်နှင့် အလွန်
တောက်ပလျက် ရှိသောကြောင့် ဣသရေလလူမျိုး
*(ဂျူးလူမျိုးများ)* တို့သည် သူ၏မျက်နှာကို ဆက်
လက်၍ မကြည့်နိုင်ကြ။ ထိုဘုန်းရောင်ခြည်တော်
သည် နောက်ပိုင်း၌ ကွယ်ပျောက်တော်မူခဲ့၏။
၈ ထို့ကြောင့် ဝိညာဉ်တော်တရားဖြင့် ယူဆောင်လာ
သော အမှုဆောင်ခြင်းသည် ပို၍ဘုန်းအာနုဘော်
နှင့်ပြည့်စုံတော်မူ၏။ ၉ ဤအရာသည် ငါဆိုလိုသော
အရာဖြစ်၏။ ထိုအမှုဆောင်ခြင်း *(ပညတ်တရား)*
သည် လူတို့အား အပြစ်တရား၌ အပြစ်စီရင်၏။ သို့
သော်လည်း ထိုအရာသည်လည်း ဘုန်းအာနုဘော်
ရှိ၏။ ထို့ကြောင့်လူတို့အား ဘုရားသခင်ရှေ့၌ဖြောင့်
မတ်ခြင်းအခွင့်ကို ပေးတော်မူသော အမှုဆောင်
ခြင်းသည် အမှန်စင်စစ်သာ၍ ကြီးမားသောဘုန်း
အာနုဘော်ရှိ၏။ ၁၀ ထိုဟောင်းသော အမှုဆောင်
ခြင်း၌ ဘုန်းအာနုဘော်ရှိ၏။ သို့သော်လည်း အလွန်
သာ၍ကြီးမားသော ဘုန်းအာနုဘော်ဖြစ်သည့် အသစ်
သောအမှုဆောင်ခြင်းနှင့် နှိုင်းယှဉ်သောအခါ ထို
ဟောင်းသောတရားသည် အမှန်စင်စစ် မိမိဘုန်း
အာနုဘော်ကို ဆုံးရှုံးလေ၏။ ၁၁ အကယ်၍ ထိုကွယ်
ပျောက်ခဲ့သော အမှုဆောင်ခြင်းသည် ဘုန်းအာနု
ဘော်နှင့်လာခဲ့လျှင် အဆက်မပြတ် ထာဝရတည်
သော အမှုဆောင်ခြင်းသည် သာ၍အလွန်ကြီးမား
သော ဘုန်းအာနုဘော်ရှိမည်ဖြစ်၏။
၁၂ ငါတို့၌ ဤမျှော်လင့်ခြင်းရှိကြ၏။ ထို့ကြောင့်
ငါတို့သည် အလွန်ရဲရင့်ခြင်းရှိကြ၏။ ၁၃ ငါတို့သည်
မောရှေကဲ့သို့မဟုတ်။ သူသည် ဖုံးအုပ်စရာကို သူ
၏မျက်နှာပေါ်၌ထား၏။ မောရှေသည် သူ၏မျက်နှာ
ကို ဖုံးအုပ်လျက်နေ၏။ ထို့ကြောင့် ဣသရေလလူမျိုး
*(ဂျူးလူမျိုး)* တို့သည် သူ၏ မျက်နှာကိုမမြင်နိုင်
ကြ။ ဘုန်း အာနုဘော် *(တောက်ပခြင်း)* သည် ကွယ်
ပျောက်သွားလေ၏။ သူတို့သည် ထိုအရာကို အဆုံး
တိုင်အောင် မြင်ကြရန် မောရှေသည် အလိုမရှိခဲ့။
၁၄ သို့သော်လည်း သူတို့၏စိတ်နှလုံးသည် မိုက်မဲ၍
ပိတ်လျက်ရှိသောကြောင့် သူတို့သည် နားမလည်
နိုင်ကြ။ ယခုနေ့ရက်တိုင် အောင် သူတို့ *(ဂျူးများ)*
သည် ဓမ္မဟောင်းကျမ်းကို ဖတ်ကြသောအခါ ထိုဖုံး
အုပ်ခြင်းသည် အနက်အဓိပ္ပာယ်ကို ဝှက်ထားဖုံး
ကွယ်ထားလျက်ရှိ၏။ ထိုဖုံးအုပ်ခြင်းသည် ပယ်ရှင်း
ခြင်းမရှိသေး။ ခရစ်တော်အားဖြင့်သာ ထိုဖုံးအုပ်
ခြင်းကို ပယ်ရှင်းရ၏။ ၁၅ သို့သော်လည်း ယခုနေ့
ရက်၌ပင်လျှင် ထိုလူမျိုးတို့သည် မောရှေပညတ်
တော်ကို ဖတ်ကြသောအခါ သူတို့၏စိတ်နှလုံးများ
ကို ဖုံးအုပ်လျက်ရှိသေး၏။ ၁၆ သို့သော်လည်း လူတစ်
ယောက်သည် ပြောင်းလဲ၍ သခင်ဘုရားနောက်
တော်သို့ လိုက်သောအခါ ထိုဖုံးအုပ်ခြင်းမှာ အဝေး

သို့ ပယ်ရှင်းခြင်း ရှိ၏။ ၁၇ သခင်ဘုရားသည် ဝိညာဉ်
တော်ဖြစ်၏။ သခင်ဘုရား၏ ဝိညာဉ်တော်ရှိသော
နေရာ၌ လွတ်မြောက်ခြင်းရှိ၏။ ၁၈ ငါတို့၏မျက်နှာ
များကို ဖုံးအုပ်ထားခြင်းမရှိ။ ငါတို့အားလုံးသည်
သခင်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေ
ကြ၏။ ငါတို့သည် ကိုယ်တော်ကဲ့သို့ ပြောင်းလဲခြင်း
ရှိရကြ၏။ ငါတို့အထဲ၌ရှိသော ဤပြောင်းလဲခြင်း
သည် ဘုန်းအသရေတော်ကို ပို၍ပို၍ ယူဆောင်
လာ၏။ ဤဘုန်းအသရေတော်သည် ဝိညာဉ်တော်
ဖြစ်တော်မူသော သခင်ဘုရားထံတော်မှလာ၏။

## ရွှံ့မြေအိုးများထဲ၌ရှိသော ဝိညာဉ်ပကတိ၏ဘဏ္ဍာ

၄ ဘုရားသခင်သည် မိမိ၏ကရုဏာကျေးဇူးတော်
နှင့် ဤအမှုကို ဆောင်ရွက်ရန် ငါတို့အား ပေး
တော်မူ၏။ ထို့ကြောင့် ငါတို့သည် အားလျော့စိတ်
ပျက်ခြင်းနှင့် ကင်းလွတ်ကြ၏။ ၂ သို့သော်လည်း
ငါတို့သည် လျှို့ဝှက်၍ ဆိတ်ကွယ်ရာအရပ်၌ ပြု
သည့်ရှက်ဖွယ်သောနည်းလမ်းများ၊ အမှုများမှအဝေး
သို့ ရှောင်ပြေးရကြ၏။ ငါတို့သည် လိမ်လည်လှည့်
ဖြားမှုကို မသုံးကြ။ ငါတို့သည် ဘုရားသခင်၏
သွန်သင်တော်မူခြင်းတရားကို မပြောင်းလဲစေကြ။
ထိုသို့ မပြုကြ။ ငါတို့သည် သမ္မာတရားကို ပရိယာယ်
မပါ၊ ရှင်းလင်းပြတ်သားစွာ ဟောပြောသွန်သင်ကြ
၏။ ငါတို့သည် မည်သူများဖြစ်ကြသည်ကို လူတို့
အား ဤအရာအားဖြင့် ထင်ရှားစေကြ၏။ ငါတို့သည်
ဘုရားသခင်၏ ရှေ့တော်၌ အဘယ်သို့သောသူများ
ဖြစ်ကြသည်ကို သူတို့၏စိတ်နှလုံးထဲ၌ သူတို့သည်
ဘယ်သို့ သိနိုင်ကြမည်အကြောင်း ဤအရာအား
ဖြင့် ဖော်ပြ၏။ ၃ ငါတို့ ဟောပြောသော ဝမ်းမြောက်
စရာသတင်းကောင်းမှာ ဖုံးကွယ်ထားလျက် ရှိပေ
မည်။ သို့သော်လည်း ထိုအရာသည် ဆုံးရှုံးခြင်းသို့
ရောက်သောသူတို့၌သာလျှင် ဖုံးကွယ်ထားလျက်
ရှိ၏။ ၄ ဤလောကကို အုပ်စိုးသောသူ *(မာရ်နတ်)*
သည် မယုံကြည်သောသူတို့၏ စိတ်ဝိညာဉ်၊ ဉာဏ်
မျက်စိများကို ကွယ်စေ၏။ သူတို့သည် ခရစ်တော်
၏ဘုန်းအသရေတော်အကြောင်းဖြစ်သောဝမ်းမြောက်
စရာသတင်းကောင်း၊ အလင်း *(သမ္မာတရား)*၏ဝမ်း
မြောက်စရာသတင်းကောင်းကို မမြင်နိုင်ကြ။ ခရစ်
တော်သည် ဘုရားသခင်နှင့် အတိအကျတူညီသော
သူတစ်ပါးဖြစ်တော်မူ၏။ ၅ ငါတို့သည် ကိုယ်အ
ကြောင်းကို မဟောပြော။ သို့သော်လည်း ယေရှုခရစ်
တော်သည် သခင်ဖြစ်တော်မူသည်ဟု ငါတို့ဟော
ပြောကြ၏။ ငါတို့သည် ယေရှုအတွက် သင်တို့၏
အစေကိုခံသော သူများဖြစ်ကြသည်ကို ဟောပြော
ကြ၏။ ၆ "အလင်းသည် မှောင်မိုက်ကို လင်းစေ
လိမ့်မည်"ဟု ဘုရားသခင်သည် တစ်ခါမိန့်တော်
မူခဲ့၏။ ထိုဘုရားသခင်သည် မိမိ၏အလင်းကို ငါတို့
၏ စိတ်နှလုံးသားများထဲ၌ ထွန်းလင်းစေတော်မူ
သောသူပင်ဖြစ်၏။ သူသည် ခရစ်တော်၏မျက်နှာ
တော်၌ရှိတော်မူသော ဘုရားသခင်၏ ဘုန်းအသ
ရေတော်ကို ငါတို့အား သိစေတော်မူသောအားဖြင့်
သူသည် ငါတို့အား အလင်းပေးတော်မူ၏။
၇ ငါတို့သည် ဤဘဏ္ဍာကို ဘုရားသခင်ထံ
တော်မှ ခံရကြ၏။ သို့သော်လည်း ငါတို့သည် ထို
ဘဏ္ဍာများကို ထိန်းသိမ်းထားသော ရွှံ့မြေအိုးများ
ကဲ့သို့သာဖြစ်ကြ၏။ ဤကြီးမားသော တန်ခိုးတော်
သည် ဘုရားသခင်ထံတော်မှဖြစ်၍ ငါတို့ထံမှမဟုတ်
ကြောင်းကို ဤအရာအားဖြင့် ထင်ရှားစေ၏။ ၈ ငါတို့
သည် ပတ်လည်၌ စုံစမ်းနှောင့်ယှက်ခြင်း၊ ဆင်းရဲ
ဒုက္ခများရှိကြ၏။ သို့သော်လည်း ငါတို့သည် ရှုံးနိမ့်
ခြင်းသို့ မရောက်။ ငါတို့သည် မကြာခဏဆိုသလို
အဘယ်သို့ပြုရမည်ဟူ၍ မသိကြ။ သို့သော်လည်း
ငါတို့သည် အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်
ကြ၏။ ၉ ငါတို့သည် ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရ
ကြ၏။ သို့သော်လည်း ဘုရားသခင်သည် ငါတို့ကို
စွန့်ပစ်တော်မမူ။ ငါတို့သည် တစ်ခါတစ်ရံ နာကျင်
ခြင်းရှိကြ၏။ သို့သော်လည်း ငါတို့သည် ပျက်စီး
ဆုံးရှုံးခြင်းသို့ မရောက်ကြ။ ၁၀ ငါတို့သည် ယေရှု၏
အသေခံတော်မူခြင်းသည် ငါတို့၏ ကိုယ်ခန္ဓာ၌ ရှိ
၏။ ငါတို့သည် ဤအသေခံတော်မူခြင်းကို ဆောင်
ရကြသည်ဖြစ်၍ ယေရှု၏အသက်ရှင်တော်မူကြောင်း
ကိုလည်း ငါတို့၏ကိုယ်ခန္ဓာများ *(အသက်တာများ)*
အထဲ၌ မြင်နိုင်ကြ၏။ ၁၁ ငါတို့သည် အသက်ရှင်ကြ
၏။ သို့သော်လည်း ယေရှုအတွက် အစဉ်မပြတ်သေ
ခြင်း၏အန္တရာယ်တွင်း၌ ရှိကြ၏။ ဤအရာသည် ငါ
တို့၌ဖြစ်ပျက်လျက်ရှိ၏။ ထို့ကြောင့် ယေရှု၏အသက်
ရှင်တော်မူခြင်းကို သေတတ်သော ငါတို့၏ ကိုယ်
ခန္ဓာ၌မြင်နိုင်၏။ ၁၂ ထို့ကြောင့် သေခြင်းတရားသည်
ငါတို့အထဲ၌ အလုပ်လုပ်လျက်နေ၏။ သို့သော်လည်း
အသက်ရှင်ခြင်းတရားသည် သင်တို့အထဲ၌ အလုပ်
လုပ်လျက်နေ၏။
၁၃ ကျမ်းစာ၌ ရေးထားသည်မှာ "ငါသည် ယုံ
ကြည်၏။ ထို့ကြောင့် ငါပြောဆို၏"ဟူ၍ ဖြစ်၏။ ငါ
တို့၏ ယုံကြည်ခြင်းသည်လည်း ထိုကဲ့သို့ဖြစ်၏။ ငါ

တို့သည် ယုံကြည်၏။ ထို့ကြောင့် ငါတို့သည် ဟော
ပြောကြ၏။ ၁၄ ဘုရားသခင်သည် သခင်ယေရှုကို
သေခြင်းမှ ထမြောက်စေတော်မူ၏။ ထိုနည်းတူ
ဘုရားသခင်သည် ငါတို့ကို ယေရှုနှင့်အတူ ထ
မြောက်စေတော်မူလိမ့်ဟု ငါတို့သိကြ၏။ ဘုရား
သခင်သည် ငါတို့ကို သင်တို့နှင့်အတူ ဆောင်ယူ
တော်မူ၍ ငါတို့သည် သူ၏ရှေ့တော်၌ ရပ်ကြရလိမ့်
မည်။ ၁၅ ဤအရာအားလုံးတို့သည် သင်တို့အတွက်
ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်၏ ကျေးဇူးတော်
*(ကြင်နာခြင်း)*ကို လူတို့အား ပို၍ပို၍ ပေးတော်
မူ၏။ ဤအရာသည် ဘုရားသခင်၏ ဘုန်းအသရေ
တော်အတွက် ဘုရားသခင်အား ကျေးဇူးတော်
ချီးမွမ်းခြင်းကို ပို၍ပို၍ ယူဆောင်လာပါမည်။

**ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်း**

၁၆ ထိုအကြောင်းကြောင့် ငါတို့သည် ဘယ်သော
အခါမျှ အားနည်းချိနဲ့လာခြင်းမရှိကြ။ ငါတို့၏ ရုပ်
ကိုယ်ခန္ဓာအိုမင်း၍ အားနည်းချိနဲ့လာပါလိမ့်မည်။
သို့သော်လည်း ငါတို့၏အတွင်း၌ရှိသော ငါတို့၏
ဝိညာဉ်တော်သည် နေ့စဉ်နေ့တိုင်း အသစ်ပြုပြင်
ခြင်းရှိ၏။ ၁၇ ငါတို့သည် ယခုတွင် သေးငယ်သော
ဆင်းရဲဒုက္ခပြဿနာကို ခဏသာခံရကြ၏။ သို့သော်
လည်း ထိုဆင်းရဲဒုက္ခပြဿနာများသည် ငါတို့အား
အကျိုးကိုပေး၍ ထာဝရဘုန်းအသရေရရန်အတွက်
ကူညီပါလိမ့်မည်။ ထိုဘုန်းအသရေတော်သည်
ယခုမျက်မှောက်ကာလ၌ ခံစားရသော ဆင်းရဲခြင်း
ဒုက္ခပြဿနာများထက် အလွန်ကြီးမားလှ၏။ ၁၈ ထို့
ကြောင့် ငါတို့မြင်နိုင်သောအရာ မဟုတ်။ ငါတို့
မမြင်နိုင်သောအရာများတို့အကြောင်းကို ငါတို့သည်
ကြည့်၍ ဆင်ခြင်အောက်မေ့ကြ၏။ ငါတို့မြင်နိုင်
သောအရာများတို့သည် တိုတောင်းသောအချိန်အ
တွင်း၌သာ ဆက်လက်၍ တည်ရှိမည်။ ငါတို့မမြင်
နိုင်သောအရာတို့သည် ထာဝရဆက်လက်၍ တည်
ရှိပါလိမ့်မည်။

၅ ဤမြေကြီးအပေါ်၌ ငါတို့နေရသောတဲဖြစ်သော
ငါတို့ကိုယ်ခန္ဓာသည် ပျက်စီးလိမ့်မည်ကို ငါတို့
သိကြ၏။ သို့သော်လည်း ထိုသို့ပျက်စီးသောအခါ
ငါတို့နေစရာအတွက် ဘုရားသခင်သည် အိမ်ကို
ပေးတော်မူပါလိမ့်မည်။ ထိုအရာသည် လူလုပ်သော
အိမ်မဟုတ်။ ထိုအရာသည် ကောင်းကင်၌ရှိသော
အိမ်ဖြစ်၍ ထာဝရတည်ရှိတော်မူပါလိမ့်မည်။ ၂ သို့
သော်လည်း ယခုတွင် ငါတို့သည် ဤကိုယ်ခန္ဓာ၌
မောပန်းလျက်ရှိကြ၏။ ဘုရားသခင်သည် ကောင်း
ကင်ဘုံမှအိမ်ကို ငါတို့အား ပေးတော်မူရန် ငါတို့
အလိုရှိကြ၏။ ၃ ထိုအရာသည် ငါတို့အား ဝတ်ဆင်
လိမ့်မည်။ ငါတို့သည်လည်း နေရာမဲ့ဖြစ်ကြလိမ့်
မည်မဟုတ်။ ၄ ငါတို့သည် ဤတဲ*(ကိုယ်ခန္ဓာ)*၌
အသက်ရှင်နေစဉ် ငါတို့သည် လေးသောဝန်များ
ကို ထမ်း၍ ညည်းတွားမြည်တမ်းကြ၏။ ငါတို့သည်
ဤတဲ *(ကိုယ်ခန္ဓာ)*ကို ရွှေ့ပြောင်းရန် အလိုရှိကြ
၏ဟူ၍ ငါမဆိုလို။ သို့သော်လည်း ငါတို့သည် ငါ
တို့၏ ကောင်းကင်အိမ်တော်နှင့် တန်ဆာဆင်ရန်
အလိုရှိကြ၏။ ထို့နောက် ထိုသေတတ်သော ဤ
ကိုယ်ခန္ဓာသည် အသက်နှင့် လုံခြုံစွာဖုံးအုပ်ခြင်းရှိ
လိမ့်မည်။ ၅ ဤအတွက်ကြောင့် ဘုရားသခင်သည်
ငါတို့အား ဖန်ဆင်းတော်မူ၏။ ကိုယ်တော်သည်
ငါတို့အား ဤအသစ်သောအသက်တာကိုပေးတော်
မူလိမ့်မည် ဖြစ်ကြောင်းကို သက်သေထင်ရှားစေ
ရန် ဝိညာဉ်တော်ကို အာမခံ*(စရန်)*အဖြစ် ငါတို့အား
ပေးတော်မူ၏။

၆ ထို့ကြောင့် ငါတို့သည် အစဉ်မပြတ်ရဲရင့်
ခြင်း *(ယုံကြည်စိတ်ချမှု)* ရှိကြ၏။ ငါတို့သည် ဤ
ကိုယ်ခန္ဓာ၌ရှိနေစဉ် ငါတို့သည် သခင်ဘုရားထံ
တော်မှ ဝေးကွာနေကြသည်ကို ငါတို့သိကြ၏။ ၇ ငါ
တို့သည် ငါတို့ယုံကြည်သောအရာအားဖြင့် အသက်
ရှင်ကြ၏။ ငါတို့မြင်နိုင်သောအရာအားဖြင့် မဟုတ်။
၈ ထို့ကြောင့် ငါတို့၌ ယုံကြည်စိတ်ချမှုရှိသည်ဟု
ငါဆို၏။ အမှန်စင်စစ် ငါတို့သည် ဤကိုယ်ခန္ဓာမှ
ဝေးကွာ၍ သခင်ဘုရားနှင့်အတူ အိမ်တော်မှာနေ
ဖို့ရန် အလိုရှိကြ၏။ ၉ ငါတို့၏ တစ်ခုတည်းသော
ပန်းတိုင်မှာ ဘုရားသခင်၏စိတ်နှလုံးတော်နှင့်တွေ့
စေရန်ဖြစ်သည်။ ငါတို့သည် ကိုယ်ခန္ဓာ၌ အသက်
ရှင်နေစဉ် သို့မဟုတ် သခင်ဘုရားနှင့် အတူရှိနေ
စဉ် ကိုယ်တော်အား စိတ်တွေ့ထိရန် ငါတို့အလိုရှိ
၏။ ၁၀ ငါတို့အားလုံးသည် တရားစီရင်ခြင်းကို ခံရန်
ခရစ်တော်ရှေ့၌ ရပ်ကြရမည်။ တစ်ယောက်စီတိုင်း
တို့သည် ဘယ်အရာကို ပြုခဲ့သည်အကြောင်း စီရင်
ခြင်း ခံရလိမ့်မည်။ တစ်ယောက်စီတိုင်းတို့သည်
မြေကြီးကိုယ်ခန္ဓာ၌ အသက်ရှင်နေစဉ် သူပြုခဲ့သော
ကောင်းသော အရာများ သို့မဟုတ် ဆိုးသောအရာ
များအတွက် အဖိုးအခကို ပေးရလိမ့်မည်။

**ဘုရားသခင်၏ မိတ်ဆွေများဖြစ်လာရန်**
**လူတို့အား ကူညီခြင်း**

၁၁ သခင်ဘုရားကိုကြောက်ရွံ့ခြင်းသည် အဘယ်

အရာကို ဆိုလိုကြောင်း ငါတို့သိကြ၏။ ထို့ကြောင့်
ငါတို့သည် သမ္မာတရားကို ခံယူကြရန် လူတို့အား
ကြိုးစား၍ကူညီကြ၏။ ငါတို့သည် အမှန်စင်စစ်
အဘယ်သို့သောသူဖြစ်ကြသည်ကို ဘုရားသခင်
သိတော်မူ၏။ သင်တို့၏စိတ်နှလုံးများထဲ၌ ငါတို့
ကိုလည်း သိကြမည်ဟု ငါမျှော်လင့်၏။ ၁၂ ငါတို့
သည်သင်တို့အား တစ်ဖန် ကိုယ့်ကိုယ်ကိုသက်သေ
ထင်ရှားစေရန် မကြိုးစားကြ။ သို့သော်လည်း ငါတို့
သည် သင်တို့အား ကိုယ်အကြောင်းကို ပြောကြ၏။
ငါတို့၏ ဝါကြွားစရာအကြောင်းများကို သင်တို့အား
ငါတို့ပေးလျက်နေကြ၏။ ထို့နောက် မြင်နိုင်သော
အရာများအားဖြင့် ဝါကြွားလျက်ရှိသောသူတို့အတွက်
အဖြေကို သင်တို့ရရှိလိမ့်မည်။ လူတစ်ယောက်၏
စိတ်နှလုံးသားသည် အဘယ်ကဲ့သို့ဖြစ်သည်ကို ထို
သူတို့သည် ဂရုမစိုက်ကြ။ ၁၃ အကယ်၍ ငါတို့သည်
ရူးသွပ်သောသူများဖြစ်ကြလျှင် ထိုအရာသည် ဘုရား
သခင်အတွက်ဖြစ်၏။ အကယ်၍ ငါတို့သည် မှန်ကန်
သောစိတ်ရှိလျှင် ထိုအရာသည် သင်တို့အတွက်ဖြစ်
၏။ ၁၄ ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ငါတို့ကို
ထိန်းချုပ်တော်မူ၏။ အဘယ်ကြောင့်နည်း။ အဘယ်
ကြောင့်ဆိုသော် တစ်ယောက်သောသူ *(ခရစ်တော်)*
သည် လူအားလုံးတို့အတွက် အသေခံတော်မူ၏။
ထို့ကြောင့် လူအားလုံးတို့သည် သေခဲ့ကြပြီ။ ၁၅ ခရစ်
တော်သည် လူအားလုံးတို့အတွက် အသေခံတော်မူ
၏။ ထို့ကြောင့် အသက်ရှင်လျက်ရှိသောသူတို့သည်
မိမိတို့အတွက် ဆက်လက်၍ အသက်မရှင်သင့်။
သူသည် ထိုသူတို့အတွက် အသေခံတော်မူ၍ သေ
ခြင်းမှ ထမြောက် တော်မူ၏။ ထို့ကြောင့် ထိုသူတို့
သည် သူ့အတွက်ရှင်ရပါမည်။
၁၆ ဤအချိန်မှစ၍ လောကီသားတို့သည် လူတို့
ကို ထင်မှတ်သကဲ့သို့ မည်သူ့ကိုမျှ ငါတို့သည်
မထင်မှတ်ကြ။ လွန်ခဲ့သောအချိန်တွင် ခရစ်တော်
အကြောင်းကို လောကီသားတို့ထင်သကဲ့သို့ ငါတို့
သည်လည်း ထင်မှတ်ခဲ့ကြသည်မှာ မှန်ပါ၏။ သို့
သော်လည်း ငါတို့သည် ထိုနည်းလမ်းကို ယခုတွင်
အသုံးမပြု ကြတော့ပါ။ ၁၇ လူတစ်ယောက်သည်
ခရစ်တော်၌ရှိလျှင် ထိုသူသည် အသစ်ပြုပြင်သော
သူ ဖြစ်၏။ ဟောင်းသောအရာများသည် ပျောက်
ကွယ်သွားကြပြီ။ အရာခပ်သိမ်းသည် အသစ်ပြုပြင်
တော်မူခြင်းကို ခံရ၏။ ၁၈ ဤအရာအားလုံးတို့သည်
ဘုရားသခင်ထံတော်မှ လာ၏။ ဘုရားသခင် သည်
ငါတို့နှင့် မိမိ၏အကြား၌ ရန်ငြိမ်းခြင်းကို ဖြစ်စေ
တော်မူ၏။ ဘုရားသခင်နှင့် ရန်ငြိမ်းခြင်းရှိစေရန်
လူတို့အား ခေါ်ဆောင်ရသောအမှုကို ငါတို့အား
ပေးတော်မူ၏။ ၁၉ ငါဆိုလိုသည်မှာ ဘုရားသခင်
သည် ခရစ်တော်၌ ရှိ၍ လောကီသားတို့နှင့် မိမိ
ကိုယ်တိုင်စပ်ကြားတွင်ငြိမ်သက်ခြင်းကို ခရစ်တော်
၌ပေးတော်မူ၏။ ဘုရားသခင်သည် လူတို့၏အပြစ်
များအတွက် အပြစ်ဖြစ်စေလျက် ထိန်းသိမ်းထားခဲ့
ခြင်းမရှိ။ သူသည် လူတို့ဆီသို့သွား၍ ဤငြိမ်သက်
ခြင်းသတင်းစကားကို ဟောပြောရန် ငါတို့အားပေး
တော်မူ၏။ ၂၀ ထို့ကြောင့် ခရစ်တော်အတွက် ဟော
ပြောရန် ငါတို့သည် စေလွှတ်တော်မူခြင်းကို ခံရကြ
၏။ ထိုအရာမှာ ဘုရားသခင်သည် လူတို့ကို ငါတို့
အားဖြင့် ခေါ်လျက်ရှိတော်မူ၏။ သင်တို့အား ဘုရား
သခင်ရှေ့၌ ဖြောင့်မတ်ခြင်းအခွင့်သို့ ရောက်ရှိရန်
ငါတို့သည် တောင်းပန်သောအခါ ငါတို့သည်
ခရစ်တော်အားဖြင့် ပြောဆိုကြ၏။ ၂၁ ခရစ်တော်သည်
အပြစ်ကင်းစင်လျက်ရှိ၏။ သို့သော်လည်း ဘုရား
သခင်သည် သူ့ကို အပြစ်ရှိသောသူဖြစ်စေ၏။ ဘုရား
သခင်သည် ဤအရာကို ငါတို့အတွက်ပြုတော်မူခဲ့
၏။ ထို့ကြောင့် ငါတို့သည် ခရစ်တော်အားဖြင့် ဘုရား
သခင်ရှေ့၌ ဖြောင့်မတ်ခြင်းအခွင့်ကို ရရှိသောသူ
ဖြစ်လာကြသည်။

၆ ငါတို့သည် ဘုရားသခင်နှင့်အတူတကွ အမှု
တော်ကိုဆောင်ရွက်သောသူများဖြစ်ကြ၏။ ထို့
ကြောင့် သင်တို့အား ငါတို့တောင်းပန်၏။ သင်တို့
သည် ဘုရားသခင်ထံတော်မှ ခံရသောကျေးဇူးတော်
*(ကြင်နာခြင်း)* ကို အကျိုးမဲ့ဖြစ်စေရန် အခွင့်မပြု
ကြနှင့်။ ၂ ဘုရားသခင်သည်

“ငါသည် နှစ်သက်ဖွယ်သောအချိန်၌
သင်၏စကားကိုနားထောင်ပြီ၊
ငါသည် ကယ်တင်ရာနေ့ရက်ကာလ၌
သင့်ကို ကူညီမစပြီ”

ဟု မိန့်တော်မူ၏။ *ဟေရှာယ ၄၉း၈*

ငါသည် သင်တို့အားဆိုသည်မှာ “နှစ်သက်
ဖွယ်သောအချိန်”သည် ယခုပင်ဖြစ်၏။ “ကယ်တင်
ရာ နေ့ရက်ကာလ”သည်လည်း ယခုပင် ဖြစ်၏။
၃ လူတို့သည် ငါတို့ အမှုတော်ဆောင်ရာတွင်
မည်သည့်အရာကိုမျှ မှားယွင်းစွာအပြစ်တင်ခြင်းကို
ငါတို့အလိုမရှိ။ ထို့ကြောင့် ငါတို့သည် အခြားသော
သူတို့အား ပြဿနာဖြစ်စေမည့် မည်သည့်အရာကို
မျှ ပြုလိမ့်မည် မဟုတ်။ ၄ သို့သော်လည်း ငါတို့သည်
ဘုရားသခင်၏ အစေခံကျွန်များဖြစ်ကြသည်ကို နေ

ရာတိုင်း၌ ငါတို့သည် ထင်ရှားစေကြ၏။ ဒုက္ခဆင်းရဲ
ခြင်းများ၊ ခက်ခဲမှုများနှင့် ကြီးမားသောပြဿနာ
များကြားတွင် ကြမ်းတမ်းသောအရာများစွာကို ခံ
ရ၏။ ၅ ငါတို့သည် ရိုက်ပုတ်ခြင်းကို ခံရကာ ထောင်
ထဲသို့ ထည့်ခြင်းကိုလည်း ခံရကြ၏။ လူတို့သည်
ငါတို့အား အနှောင့်အယှက်ပြု၍ ဆန့်ကျင်လာကြ
၏။ ငါတို့သည် ကြိုးစား၍ လုပ်ဆောင်ကြ၏။
၆ တစ်ခါတစ်ရံ ငါတို့သည် မအိပ်ရကြ၊ မစားရကြ။
ငါတို့၏ နားလည်တတ်ခြင်း၊ အလွန်သည်းခံခြင်း၊
ကြင်နာခြင်း၊ သန့်ရှင်းစွာအသက်ရှင်ခြင်းတို့အားဖြင့်
ငါတို့သည် ဘုရားသခင်၏အစေခံကျွန်များဖြစ်ကြ
သည်ကို ထင်ရှားစေကြ၏။ ၇ ငါတို့သည် ဤအရာတို့
ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၊ အမှန်ချစ်
ခြင်းအားဖြင့်လည်းကောင်း၊ သမ္မာတရားကို ဟော
ပြောခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်၏တန်ခိုး
တော်အားဖြင့်လည်းကောင်း ထင်ရှားစေကြ၏။ ခပ်
သိမ်းသောအရာတို့ကို ဆန့်ကျင်ပြီး ကိုယ်ကိုယ်ကို
ခုခံကာကွယ်ရန် ငါတို့၏ မှန်ကန်စွာ အသက်ရှင်
ခြင်းကိုလည်း ငါတို့အသုံးပြုကြ၏။ ၈ အချို့သောသူ
တို့သည် ငါတို့ကို ချီးမွမ်းကြ၏။ သို့သော်လည်း
အခြားသောသူတို့သည် ငါတို့ကို ရှက်ကြောက်စေ
ကြ၏။ အချို့သောသူတို့သည် ငါတို့အကြောင်း
ကောင်းသောအရာများကိုပြောကြ၏။ သို့သော်လည်း
အခြားသောသူတို့သည် ဆိုးသောအရာများကို ပြော
ကြ၏။ အချို့သောသူတို့က ငါတို့သည် လိမ်ညာ
သောသူဖြစ်ကြသည်ဟု ပြော၏။ သို့သော်လည်း
ငါတို့သည် သမ္မာတရား၌ ဟောပြောကြ၏။ ၉ အချို့
သောသူတို့အတွက် ငါတို့သည် ထင်ရှားခြင်းမရှိ
*(အရေးမကြီး)*ကြ။ သို့သော်လည်း ငါတို့သည်
ကောင်းစွာ ထင်ရှားခြင်းရှိကြ၏။ ငါတို့သည် သေ
သောသူကဲ့သို့ဖြစ်ကြ၏။ သို့သော်လည်း ကြည့်ပါ။
ငါတို့သည် ဆက်လက်၍ အသက်ရှင်ကြ၏။ ငါတို့
သည် အပြစ်ဒဏ်ပေးခြင်းကို ခံရကြ၏။ သို့သော်
လည်း အသေသတ်ခြင်းကို မခံရကြ။ ၁၀ ငါတို့၌
ဝမ်းနည်းခြင်းများစွာရှိကြ၏။ သို့သော်လည်း ငါတို့
သည် အစဉ်မပြတ် ဝမ်းမြောက်ကြ၏။ ငါတို့သည်
ဆင်းရဲလျက်ရှိ၏။ သို့သော်လည်း ငါတို့သည် များ
စွာသောသူတို့ကို ယုံကြည်ခြင်း၌ ကြွယ်ဝစေရန် ပြု
ကြ၏။ ငါတို့၌ ဘာမျှမရှိ။ သို့သော်လည်း အမှန်
စင်စစ် ငါတို့သည် အရာရာ၌ ပြည့်စုံခြင်းရှိကြ၏။
၁၁ ငါတို့သည် ကောရိန္သုမြို့၌ရှိသော သင်တို့အား
လွတ်လပ်စွာ ဟောပြော၏။ ငါတို့သည် မိမိတို့၏
စိတ်နှလုံးသားများကို သင်တို့အား ဖွင့်လျက်ရှိ၏။
၁၂ သင်တို့အတွက် ငါတို့၌ ခံစားရသော ချစ်ခြင်း
မေတ္တာသည် မကုန်ခမ်းနိုင်ပါ။ ငါတို့အတွက် သင်
တို့၌ခံစားရသော ချစ်ခြင်းမေတ္တာကို သင်တို့သည်
ကုန်ခမ်းစေကြ၏။ ၁၃ သင်တို့ကို ငါ၏သားသမီး
များကဲ့သို့ ငါစကားပြော၏။ ငါတို့ပြုသည့်နည်းတူ
သင်တို့လည်းပြုကြပါ။ သင်တို့၏နှလုံးသားများကို
လည်း ဖွင့်ထားကြပါ။

**ခရစ်ယာန်မဟုတ်သောသူများနှင့်**
**အတူနေထိုင်သူတို့အား သတိပေးခြင်း**

၁၄ သင်တို့သည် ထိုမယုံကြည်သောသူတို့နည်း
တူမဟုတ်။ ထို့ကြောင့် သူတို့နှင့်အတူ ကိုယ်ကိုယ်
ကို အတူတွဲဖက်၍ အပေါင်းအဖော်မပြုကြပါနှင့်။
ကောင်းသောအရာဖြစ်စေ၊ ဆိုးသောအရာဖြစ်စေ
အတူတကွ ပေါင်းဖက်ခြင်း မပြုကြနှင့်။ အလင်း
သည် အမှောင်နှင့် မိတ်သဟာယ *(ဝေမျှခြင်း)*မပြု
နိုင်။ ၁၅ ခရစ်တော်သည် ဗေလျာလ (မာရ်နတ်) နှင့်
အဘယ်သို့ သဘောတူညီခြင်း ပြုနိုင်ပါမည်နည်း။
ယုံကြည်သူတစ်ယောက်သည် မယုံကြည်သောသူ
တစ်ယောက်နှင့် အဘယ်အကျိုးအပြစ်ကို ခံရမည်
နည်း။ ၁၆ ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တု
တို့နှင့် မည်သည့်သဘောတူညီချက်မျှ မပြုနိုင်။
ငါတို့သည် အသက်ရှင်တော်မူသော ဘုရားသခင်
၏ ဗိမာန်တော်ဖြစ်၏။ ဘုရားသခင် မိန့်တော်မူ
သည်မှာ

"ငါသည် သူတို့နှင့်အတူနေမည်၊
သူတို့နှင့်အတူသွားလာမည်၊
ငါသည် သူတို့၏ဘုရားသခင်
ဖြစ်တော်မူလိမ့်မည်၊
သူတို့သည်လည်း
ငါ၏လူဖြစ်ကြလိမ့်မည်"

*ဝတ်ပြုရာကျမ်း ၂၆း၁၁-၁၂*

၁၇ "ထို့ကြောင့် ထိုသူတို့မှ ခွာပြီး
အဝေးသို့ထွက်လာကြ၍
ကိုယ့်ကိုယ်ကို သူတို့ထံမှ
အသီးအခြားနေကြပါဟု
ထာဝရဘုရားမိန့်တော်မူ၏။
မသန့်ရှင်း မစင်ကြယ်သောအရာ
မည်သည့်အရာကိုမျှ မထိမတို့ကြနှင့်။
ထိုသို့ပြုလျှင် ငါသည် သင်တို့ကို
လက်ခံမည်"

*ဟေရှာယ ၅၂း၁၁*

၁၈ "ငါသည် သင်တို့အဖဖြစ်လိမ့်မည်
သင်တို့သည်လည်း ငါ၏သားများ
သမီးများဖြစ်ကြလိမ့်မည်ဟု
အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော
ထာဝရဘုရားမိန့်တော်မူ၏"
ဟူ၍ ဖြစ်၏။ *၂ရာ ၇:၁၄၊ ၇:၈*

၇ ချစ်သောမိတ်ဆွေတို့ ငါတို့သည် ဤကတိ
တော်များကို ဘုရားသခင်ထံမှ ခံရကြ၏။ ထို့
ကြောင့် ငါတို့၏ကိုယ်ခန္ဓာသို့မဟုတ် ငါတို့၏စိတ်
ဝိညာဉ်ကို ညစ်ညူးစေမည့်အရာရှိသမျှတို့မှ ငါတို့
သည် ကင်းလွတ်စေရန် ကိုယ်ကိုယ်ကို သန့်ရှင်း
စေရပါမည်။ ငါတို့သည် ဘုရားသခင်ကို ကြည်ညို
လေးစားသည်ဖြစ်၍ ငါတို့၏ အသက်ရှင်ခြင်းတွင်
စုံလင်သောသူဖြစ်လာကြရန် ငါတို့ ကြိုးစားအား
ထုတ်ရမည်။

**ပေါလု၏ဝမ်းမြောက်ခြင်း**

၂ သင်တို့စိတ်နှလုံးများကို ငါတို့အား ဖွင့်ထား
ကြပါ။ ငါတို့သည် မည်သူ့ကိုမျှ အမှားအယွင်းမပြု
ကြ။ ငါတို့သည် မည်သူ၏ယုံကြည်ခြင်းကိုမျှ မဖျက်
ဆီး။ ငါတို့သည် မည်သူ့ကိုမျှ လိမ်ညာလှည့်ဖြား
ခြင်းမရှိ။ ၃ ငါသည် သင်တို့ကို အပြစ်တင်၍ ဤ
အရာကိုဆိုသည် မဟုတ်။ ငါတို့သည် သင်တို့ကို
အလွန်ချစ်ကြသည်ဖြစ်၍ ငါတို့သည် သင်တို့နှင့်
အတူ အသက်ရှင်ခြင်း သို့မဟုတ် အတူအသေခံ
ခြင်းရှိကြသည်ကို သင်တို့အား ငါပြောနှင့်ပြီးဖြစ်
၏။ ၄ ငါသည် သင်တို့ကို အလွန်ယုံကြည်အားထား
၏။ ငါသည် သင်တို့ကြောင့် အလွန်ဝါကြွားခြင်းရှိ
၏။ သင်တို့သည် ငါ့ကို အလွန်ရဲရင့်စေကြ၏။ ငါတို့
ခံရသော ဒုက္ခဆင်းရဲခြင်း၊ ညှဉ်းဆဲခြင်းအားလုံးတို့
၌ ငါသည် ကြီးသောဝမ်းမြောက်ခြင်းရှိ၏။
၅ ငါတို့သည် မာကေဒေါနိပြည်သို့ရောက်သော
အခါ ငါတို့ အနားယူခြင်း အလျှင်းမရှိကြ။ ငါတို့
၏ပတ်လည်၌ ညှဉ်းဆဲခြင်းဆင်းရဲ ဒုက္ခကို ခံရကြ
၏။ ငါတို့သည် အပြင်၌ တိုက်လှန်ခြင်းရှိ၍ အတွင်း
၌ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းရှိ၏။ ၆ သို့သော်လည်း
ဘုရားသခင်သည် ဆင်းရဲဒုက္ခကို ခံရသောသူတို့
အား နှစ်သိမ့်၍သက်သာစေတော်မူ၏။ တိတုသည်
ရောက်လာသောအခါ ဘုရားသခင်သည် ငါတို့ကို
သက်သာစေတော်မူ၏။ ၇ ငါတို့သည် သူရောက်
လာသောအားဖြင့် သက်သာစေခြင်းရှိသည်နည်းတူ
သင်တို့သည် သူ့အား သက်သာစေသောအားဖြင့်
လည်း သက်သာခြင်းသို့ရောက်ကြ၏။ သင်တို့သည်
ငါ့အားတွေ့မြင်လိုသော ဆန္ဒရှိကြသည်ကို သူသည်
ငါ့ကို ပြောပြ၏။ သင်တို့ပြုခဲ့သောအရာများတို့အ
တွက် သင်တို့သည် အလွန်စိတ်ညှိုးငယ်ခြင်းရှိကြ
သည်ကို သူသည် ငါတို့အားကြားပြော၏။ ငါ့အပေါ်
၌ သင်တို့၏ ကြီးမားသောဂရုစိုက်ခြင်းအကြောင်း
ကို တိတုသည် ငါ့အား ပြောပြ၏။ ငါတို့ ဤအရာကို
ကြားသိသောအခါ ငါ၌အလွန်ဝမ်းမြောက်ခြင်း ပို၍
ရှိ၏။
၈ အကယ်၍သင်တို့ဆီသို့ ငါရေးသော စာသည်
သင်တို့ကို ညှိုးငယ်စေသော်လည်း ငါသည် ထိုစာ
ကို ရေးသောကြောင့် ဝမ်းနည်းခြင်း ငါ၌မရှိ။ ထိုစာ
သည် သင်တို့အား ဝမ်းနည်းညှိုးငယ်စေသည်ကို
ငါသိ၏။ ငါသည်လည်း ထိုအတွက် ဝမ်းနည်းခဲ့၏။
သို့သော်လည်းထိုအရာသည်သင်တို့အား တိုတောင်း
သောအချိန်အတွင်း၌သာ ဝမ်းနည်းစေမည်။ ၉ ယခု
တွင် ငါသည်ဝမ်းမြောက်ခြင်းရှိ၏။ ငါ၏ဝမ်းမြောက်
ခြင်းအကြောင်းမှာ သင်တို့ကို ဝမ်းနည်းစေသော
ကြောင့်မဟုတ်။ သင်တို့၏ဝမ်းနည်းခြင်းသည် သင်
တို့၏ စိတ်နှလုံးများကို ပြုပြင်ပြောင်းလဲစေသော
ကြောင့်သာ ငါ၌ဝမ်းမြောက်ခြင်းရှိ၏။ သင်တို့သည်
ဘုရားသခင်အလိုတော်ရှိသည်အတိုင်း ဝမ်းနည်း
လျက်ရှိကြ၏။ ထို့ကြောင့် သင်တို့သည် ငါတို့ကြောင့်
မည်သို့မျှ နာကျင်၍အကျိုးနည်းစေမည် မဟုတ်။
၁၀ ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်း
ခြင်းသည် လူတစ်ယောက်အား သူ၏နှလုံးသားနှင့်
အသက်တာကိုပြုပြင်ပြောင်းလဲစေ၏။ ထိုအရာသည်
ထိုသူအား ကယ်တင်တော်မူခြင်းသို့ ပို့ဆောင်၏။
သို့ဖြစ်၍ ငါတို့သည် ထိုအတွက်ကြောင့် ဝမ်းနည်း
ခြင်းမရှိနိုင်။ သို့သော်လည်း လောကီဝမ်းနည်းခြင်း
သည် သေခြင်းသို့ ပို့ဆောင်လေ၏။ ၁၁ ဘုရားသခင်
သည် သင်တို့၌ ရှိစေလိုသော ဝမ်းနည်းခြင်းမျိုး
သင်တို့၌ရှိ၏။ ယခုတွင် အဘယ်သို့သောဝမ်းနည်း
ခြင်းသည် သင်တို့အား ပို့ဆောင်တော်မူသည်ကို
ကြည့်မြင်ကြပါ။ ထိုဝမ်းနည်းခြင်းသည် သင်တို့ကို
အလွန်တည်ကြည်စေ၍ စိတ်အားကြီးစေ၏။ ထို
အရာသည် သင်တို့အား အမှားအယွင်းမရှိကြောင်း
ကို သက်သေပြလို၏။ ထိုအရာသည် သင်တို့အား
အမျက်ထွက်၍ ကြောက်ရွံ့စေ၏။ ထိုအရာသည်
သင်တို့အား ငါ့ကိုတွေ့မြင်စေလို၏။ ထိုအရာသည်
သင်တို့ကို ဂရုတစိုက်စောင့်ရှောက်၏။ ထိုအရာ
သည် သင်တို့အား မှန်သောအရာကို ပြုစေလို၏။

သင်တို့သည် ထိုပြဿနာ၏ မည်သည့်အပိုင်းနှင့်
မျှ အပြစ်မသင့်ကြောင်းကို သက်သေပြလို၏။ ၁၂ ငါ
သည် ထိုစာကို ရေး၏။ သို့သော်လည်း မှားယွင်း
ခြင်းကို ပြုခဲ့သောသူကြောင့်မဟုတ်။ နာကျင်သော
သူကြောင့် ဤစာကို ရေးထားသည် မဟုတ်။ သို့
သော်လည်း သင်တို့သည် ဘုရားသခင်ရှေ့တော်၌
ငါတို့အားကြီးမားသောဂရုစိုက်ခြင်း၊ စောင့်ရှောက်
ခြင်းရှိကြသည်ကို မြင်နိုင်စေရန် ထိုစာကို ငါရေး
၏။ ၁၃ ထိုအကြောင်းကြောင့် ငါတို့သည် သက်သာ
ခြင်းသို့ ရောက်ရကြ၏။

ငါတို့သည်အလွန်သက်သာခြင်းရှိကြ၏။ တိတု
သည် အလွန်ဝမ်းမြောက်လျက်ရှိသည်ကို မြင်ရ၍
ငါတို့၌ ပို၍ဝမ်းမြောက်ခြင်းရှိ၏။ သင်တို့အားလုံး
သည် တိတုကို ဝမ်းမြောက်စေကြ၏။ ၁၄ သင်တို့
အကြောင်းကို တိတု၌ ငါဝါကြွားလျက်ရှိ၏။ သင်တို့
သည် ငါမှန်ကန်ကြောင်းကို ထင်ရှားစေကြ၏။ ငါ
တို့သည် သင်တို့အား ပြောဆိုခဲ့သမျှသောအရာ
အလုံးစုံသည် မှန်ကန်၏။ ငါတို့သည် တိတုရှေ့၌
ဝါကြွားသောအကြောင်းအရာတို့သည် မှန်ကန်ကြောင်း
ကို သင်တို့သည် သက်သေထူကြ၏။ ၁၅ သင်တို့
အားလုံးသည် နာခံရန် အဆင်သင့်ဖြစ်ကြသည်ကို
သူသိသောအခါ သင်တို့ပေါ်၌ရှိသော သူ၏ချစ်ခြင်း
မေတ္တာသည် ပို၍ကြီးမားပြင်းထန်လျက်ရှိ၏။ သင်တို့
သည် သူ့အားကြည်ညိုလေးစားခြင်းနှင့် ကြောက်ရွံ့
တုန်လှုပ်ခြင်းအားဖြင့် လက်ခံခဲ့ကြ၏။ ၁၆ ငါသည်
သင်တို့ကိုပြည့်ဝစုံလင်စွာ ယုံကြည်စိတ်ချနိုင်သော
ကြောင့် ငါအလွန်ဝမ်းမြောက်လျက်ရှိ၏။

## ခရစ်ယာန်တို့၏ပေးလှူခြင်း

၈ ညီအစ်ကိုမောင်နှမများတို့ ယခုတွင် ဘုရား
သခင်သည် မာကေဒေါနိပြည်၌ရှိသော အသင်း
တော်များ *(ယုံကြည်သူများအစုအဝေး)* တို့အားပေး
တော်မူသော ကျေးဇူးတော် *(ကြင်နာခြင်း)* အကြောင်း
ကို သင်တို့သည် သိစေရန် ငါအလိုရှိ၏။ ၂ ထို ယုံ
ကြည်သူများသည် ကြီးမားသော ညှဉ်းဆဲခြင်းအား
ဖြင့် စုံစမ်းခြင်းကို ခံရကြ၏။ သူတို့သည် အလွန်
ဆင်းရဲသောသူများလည်းဖြစ်ကြ၏။ သို့သော်လည်း
သူတို့သည် ကြီးမားသောဝမ်းမြောက်ခြင်းကြောင့်
အလွန်စွန့်ကြဲပေးကမ်းခြင်းပြုကြ၏။ ၃ သူတို့သည်
မိမိတို့တတ်နိုင်သည့်အတိုင်း ပေးကမ်းစွန့်ကြဲကြ
၏။ ထိုယုံကြည်သူများတို့သည် မိမိတို့တတ်နိုင်
သမျှထက်မက ပို၍ စွန့်ကြဲပေးကမ်းကြ၏။ သူတို့
သည် အလိုအလျောက် စေတနာစိတ်ဖြင့် ပေးလှူ
ကြ၏။ ထိုအရာများကိုပြုရန် သူတို့အား မည်သူက
မျှ မဟောမပြော။ ၄ သို့သော်လည်း သူတို့သည်
ငါတို့ကို အကြိမ်ကြိမ် အဖန်ဖန်တောင်းပန်ကြ၏။
ဘုရားသခင်၏ လူတို့အတွက် အမှုတော်ဆောင်
ရွက်ခြင်း၌ သူတို့အား ပါဝင်ဝေမျှခြင်းကို အခွင့်
ပေးရန် သူတို့သည် ငါတို့ကို တောင်းပန်ကြ၏။
၅ သူတို့သည် ငါတို့မျှော်လင့်သည်ထက်မက ပေး
လှူကြ၏။ သူတို့သည် မိမိတို့၏ငွေများကို မပေး
လှူမီ သခင်ဘုရား၌သော်လည်းကောင်း၊ ငါတို့၌
သော်လည်းကောင်း ကိုယ်ကိုယ်ကို ပေးလှူကြ၏။
ထိုအရာမှာ ဘုရားသခင်၏ အလိုတော်နှင့်အညီ
ဖြစ်၏။ ၆ ထို့ကြောင့် ဤကျေးဇူးတော် *(ကြင်နာခြင်း)*
၏ အထူးဆောင်ရွက်မှုကို ပြီးစီးစေမည့်အကြောင်း
သင်တို့ကို ကူညီရန် ငါတို့သည် တိတုအား တောင်း
ပန်ကြ၏။ တိတုမှာ ဤအမှုကို အစပြု၍ ဆောင်
ရွက်သောသူ တစ်ယောက်ဖြစ်၏။ ၇ သင်တို့သည်
ယုံကြည်ခြင်း၊ တရားဟောခြင်း၊ ဉာဏ်ရှိခြင်း၊ အမှန်
ကူညီလိုသောစိတ်ရှိခြင်း၊ ငါတို့ထံမှ သင်ယူသော
ချစ်ခြင်းမေတ္တာစသည့် ခပ်သိမ်းသောအရာတို့၌
ကြွယ်ဝပြည့်စုံကြ၏။ ထို့ကြောင့် သင်တို့သည်လည်း
ဤပေးကမ်းစွန့်ကြဲခြင်းဆုကျေးဇူးနှင့်ကြွယ်ဝပြည့်စုံ
ကြရန် ငါအလိုရှိ၏။

၈ ငါသည် သင်တို့အား ပေးကမ်းခြင်းပြုကြရန်
ပညတ်ထားခြင်း မဟုတ်။ သို့သော်လည်း သင်တို့
၏ချစ်ခြင်းမေတ္တာသည် စစ်မှန်သော မေတ္တာဖြစ်
ကြောင်းကို မြင်ရန် ငါအလိုရှိ၏။ အခြားသောသူတို့
သည် အမှန်စင်စစ် ကူညီလိုသော စိတ်သဘောရှိ
စေရန် ဤအရာကို ငါပြုခြင်းဖြင့် သင်တို့အား ဖော်
ပြ၏။ ၉ သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်
*(ကြင်နာခြင်း)* ကို သင်တို့သိကြ၏။ ခရစ်တော်သည်
ဘုရားသခင်၌ကြွယ်ဝချမ်းသာတော်မူသည်ကိုသင်
တို့သိကြ၏။ သို့သော်လည်း သူသည် သင်တို့အတွက်
ကြောင့် ဆင်းရဲသောသူဖြစ်လာ၏။ သူ၏ဆင်းရဲခံ
တော်မူခြင်းအားဖြင့် သင်တို့သည်ကြွယ်ဝချမ်းသာ
ခြင်းသို့ ရောက်ရန် ခရစ်တော်သည် ဤအရာကို ပြု
တော်မူ၏။

၁၀ ဤအရာသည် သင်တို့ပြုသင့်သောအရာ
ဖြစ်သည်ဟု ငါထင်မှတ်၏။ မနှစ်က သင်တို့သည်
ငါ့အား ပထမဆုံးပေးလှူရန် အလိုရှိကြ၏။ သင်တို့
သည် ပထမဆုံးပေးလှူသော သူဖြစ်၏။ ၁၁ ထို့ကြောင့်
ယခုတွင် သင်တို့အစပြုခဲ့သောအမှုကို ပြီးစီးစေ

ကြပါ။ ထို့နောက် သင်တို့"လုပ်ဆောင်သောအမှု
အရာသည်" သင်တို့ "လုပ်ဆောင်ရန်အလိုရှိသော
အရာ"နှင့် ထပ်တူထပ်မျှရှိလိမ့်မည်။ သင်တို့၌ ရှိ
သောအရာကို ပေးလှူကြပါ။ [၁၂] အကယ်၍ သင်တို့
သည်ပေးလှူရန်အလိုရှိလျှင်သင်တို့၏လက်ဆောင်
ကိုလက်ခံခြင်းရှိလိမ့်မည်။ သင်တို့၏လက်ဆောင်
သည် သင်တို့၌ ရှိသောအရာအားဖြင့် စစ်ကြော
စီရင်ခြင်းရှိလိမ့်မည်။ [၁၃] သင်တို့၌ မရှိသောအရာ
အားဖြင့်မဟုတ်။ အခြားသောသူတို့သည် နှစ်သိမ့်
ခြင်း၊ သက်သာခြင်းရှိစဉ်တွင် သင်တို့၌ ဆင်းရဲ
ဒုက္ခစိုးရိမ်ခြင်း အမှုရှိရန် ငါတို့အလိုမရှိ။ ငါတို့
သည် အရာရာတိုင်း၌ ညီတူညီမျှရှိခြင်းကို အလိုရှိ
ကြ၏။ [၁၄] ယခုအချိန်၌ သင်တို့သည် များစွာကြွယ်ဝ
ခြင်းရှိကြ၏။ ဤအရာများတို့အားဖြင့် အခြားသော
သူတို့၌ အသီးသီးလိုအပ်မှုများကို သင်တို့ ကူညီ
နိုင်လိမ့်မည်။ ထို့နောက် ထိုသူတို့သည် များစွာ
ကြွယ်ဝသောအခါ သူတို့သည် သင်တို့၌ လိုအပ်
သောအရာများကို တစ်ဖန်ကူညီပါလိမ့်မည်။ ထို့
နောက်အားလုံးသောအမှုအရာတို့သည်ညီတူညီမျှ
ရှိပါမည်။[၁၅] သမ္မာကျမ်းစာ၌ ဤသို့ရေးထား၏။

"များစွာစုသိမ်းထားသောသူသည်
အလွန်များစွာမရရှိ၊
အနည်းငယ်သောအရာကို
စုသိမ်းထားသောသူသည်လည်း
အလွန်နည်းသောအရာကိုသာ
ရရှိသည်မဟုတ်"

*ထွက် ၁၆း၁၈*

## တိတုနှင့် သူ၏မိတ်ဆွေများ

[၁၆] ငါသည် ဘုရားသခင်၏ကျေးဇူးတော်ကို
ချီးမွမ်း၏။ အဘယ်ကြောင့်ဆိုသော် ငါ၌ရှိသော သင်
တို့အတွက် ငါ၏ချစ်မေတ္တာနည်းတူသော မေတ္တာ
ကို သူသည် တိတုကိုလည်း ပေးတော်မူ၏။ [၁၇] ငါ
တို့သည် သူ့အားလုပ်ဆောင်ရန် တောင်းဆိုသော
အမှုအရာများကို တိတုသည် လက်ခံခဲ့၏။ သူသည်
သင်တို့ရှိရာသို့သွားရန် အလွန်စိတ်အားကြီးလျက်
အလိုရှိခဲ့၏။ ဤအရာသည် သူကိုယ်တိုင်အလိုအ
လျောက်ရှိသောဆန္ဒဖြစ်၏။ [၁၈] အသင်းတော်များ
*(ယုံကြည်သူများအစုအဝေး)* အားလုံးတို့အားဖြင့် ချီး
မွမ်းခြင်းကို ခံရသော ညီအစ်ကိုသည်လည်း တိတု
နှင့်အတူ ငါတို့စေလွှတ်ခဲ့ကြ၏။ ဤညီအစ်ကိုသည်
ဧဝံဂေလိတရားကိုဟောပြောခြင်းအမှုအားဖြင့်ချီးမွမ်း
ခြင်းကို ခံရ၏။[၁၉] ငါတို့သည် ဤဆုလက်ဆောင်
*(ငွေများ)* ကိုသယ်ဆောင်သောအခါ ဤညီအစ်ကို
သည်လည်း ငါတို့နှင့်အတူ သွားလာရန် အသင်း
တော်များအားဖြင့် ရွေးချယ်ခဲ့ကြ၏။ ငါတို့သည်
ဤအမှုကိုဆောင်ရွက်ရာတွင် ဘုရားသခင်၏ဘုန်း
အသရေတော်ကို ထင်ရှားစေရန်နှင့် ငါတို့သည်
အမှန်စင်စစ် ကူညီဖို့ရန် အလိုရှိကြသည်ကို ထင်
ရှားစေရန် ပြုကြခြင်းဖြစ်၏။

[၂၀] ငါတို့သည် အလွန်သတိကြီးစွာ လုပ်ဆောင်
ကြ၏။ သို့ဖြစ်၍ ငါတို့သည် ဤမျှလောက် ကြီးမား
သောဆုကျေးဇူးလက်ဆောင်များကို သယ်ဆောင်
ရာတွင် အဘယ်သူကမျှ ငါတို့အား အပြစ်တင်ဝေ
ဖန်ခြင်း အလျှင်းရှိလိမ့်မည်မဟုတ်။ [၂၁] ငါတို့သည်
မှန်သောအရာပြုရန် ကြိုးစားလျက်ရှိကြ၏။ ဘုရား
သခင်က မှန်သည်ဟု လက်ခံတော်မူသောအရာ
နှင့် လူတို့ကလည်း မှန်သည် ထင်မှတ်သောအရာ
တို့ကို ငါတို့သည် လုပ်ဆောင်လိုကြ၏။

[၂၂] အစဉ်အမြဲကူညီဖို့ရန် အဆင်သင့်ရှိနေသော
ငါတို့၏ညီအစ်ကိုကိုလည်း သူတို့နှင့်အတူ ငါတို့
စေလွှတ်ကြ၏။ သူသည် ဤအရာကို ငါတို့အား
နည်းလမ်းများစွာဖြင့် သက်သေပြ၏။ သူသည် ယခု
ပင်လျှင် ကူညီဖို့ရန် ပို၍အလိုရှိ၏။ အဘယ်ကြောင့်
ဆိုသော် သူသည် သင်တို့ကို အလွန်ယုံကြည်ခြင်း
ရှိ၏။

[၂၃] ယခုတွင် တိတုအကြောင်းကိုဆိုသော သူ
သည် ငါတို့နှင့်အတူ လုပ်ဖော်ဆောင်ဖက်ဖြစ်၏။
သူသည်သင်တို့ကိုကူညီရန် ငါနှင့်အတူအမှုဆောင်
သောသူဖြစ်၏။ အခြားသော ညီအစ်ကိုများတို့၏
အကြောင်းကိုဆိုရသော် သူတို့သည် အသင်းတော်
များ *(ယုံကြည်သူများအစုအဝေး)* မှ စေလွှတ်သော
သူများဖြစ်ကြ၏။ သူတို့သည် ခရစ်တော်၏ ဘုန်း
အသရေတော်ကိုထင်ရှားစေသောသူများဖြစ်ကြ၏။
[၂၄] ထို့ကြောင့် သင်တို့သည်သူတို့ကိုအမှန်ချစ်တော်
မူကြောင်း ထင်ရှားစေကြပါ။ ထို့နောက် အသင်း
တော်များအားလုံးတို့သည် ထိုအမှုအရာကိုမြင်နိုင်
ကြပါမည်။

## ခရစ်ယာန်ညီအစ်ကိုများအားကူညီခြင်း

၉ ဘုရားသခင်၏လူတို့အား ကူညီခြင်းအကြောင်း
ကို သင်တို့ဆီသို့ရေးရန် အမှန်စင်စစ် ငါ၌လို
အပ်ခြင်းမရှိ။ [၂] သင်တို့သည် ကူညီလိုကြောင်းကို
ငါသိ၏၊ မာကေဒေါနိပြည်၌ရှိသော သူတို့ရှေ့တွင်
ထိုအကြောင်းကိုပင် ငါ ဝါကြွားခြင်းရှိ၏။ အခါယ

ပြည်၌ ရှိသော သင်တို့သည် မနှစ်ကတည်းကပင်
ပေးကမ်းစွန့်ကြဲခြင်း၌ အသင့်ဖြစ်နေကြသည်ကို ထို
သူတို့အား ငါပြောခဲ့ပြီးဖြစ်၏။ သင်တို့သည် အလွန်
ပေးလှူလိုသောကြောင့် ထိုနေရာ၌ရှိသောလူအများ
စုတို့သည်လည်း အသင့်ဖြစ်နေကြ၏။ ၃ သို့သော်
လည်း ညီအစ်ကိုများကို သင်တို့ဆီသို့ ငါစေလွှတ်
၏။ သင်တို့အကြောင်းကြောင့် ငါတို့၏ဝါကြွားခြင်း
သည် ဤအမှု၌အချည်းနှီးဖြစ်မည်ကို ငါအလိုမရှိ။
သင်တို့သည် အသင့်ဖြစ်နေစေရန် ငါအလိုရှိ၏။
၄ အကယ်၍ မည်သူမဆို မာကေဒေါနိပြည်မှ ငါနှင့်
အတူလာလျှင် သင်တို့သည် အသင့်မဖြစ်သည်ကို
သူတို့မြင်လျှင် ငါတို့၌ ရှက်ဖွယ်ရာဖြစ်လိမ့်မည်။
ငါတို့သည် သင်တို့ကို အလွန်ယုံကြည်စိတ်ချရ
သောကြောင့် ငါတို့သည် ရှက်ကြောက်ခြင်းသို့
ရောက်လိမ့်မည်။ (ထိုအခါ သင်တို့သည်လည်း
ရှက်ကြောက်ခြင်းရှိကြလိမ့်မည်)။ ၅ ထို့ကြောင့် ငါ
တို့ မလာမီ ထိုညီအစ်ကိုများတို့ကို သင်တို့ဆီသို့
လာစေရန် ငါတောင်းပန်သင့်သည်ဟု ထင်မှတ်
ခဲ့၏။ သင်တို့သည် ပေးလှူရန် သင်တို့ပေးသော
ကတိများကို အသင့်ဖြစ်စေ၍ပြီးစီးစေပါလိမ့်မည်။
ထို့နောက် ငါတို့ ရောက်လာသောအခါ ထိုအလှူ
ကျေးဇူးလက်ဆောင်များသည် အဆင်သင့်ဖြစ်ပါ
လိမ့်မည်။ ထိုအလှူကျေးဇူးလက်ဆောင်များမှာ သင်
တို့သည် အလိုအလျောက်ပေးလှူလိုသည့်အတိုင်း
ဖြစ်ရမည်။ သင်တို့သည် ပေးလှူလိုစိတ်မရှိဘဲ ပေး
သောလက်ဆောင် မဖြစ်သင့်ပါ။

၆ ဤအရာကို အောက်မေ့ကြပါ။ အနည်းငယ်
စိုက်ပျိုးသောသူသည် အနည်းငယ်ကိုသာ ရိတ်သိမ်း
ရလိမ့်မည်။ သို့သော်လည်းများစွာ စိုက်ပျိုးသော
သူသည် များစွာရိတ်သိမ်းရလိမ့်မည်။ ၇ တစ်
ယောက်စီတိုင်းတို့သည် မိမိစိတ်နှလုံးထဲ၌ ပေးလှူ
ရန် ဆုံးဖြတ်သည့်အတိုင်း ပေးလှူရပါမည်။ လူတစ်
ယောက်သည် သူ့အား စိတ်မသာဝမ်းနည်းစေသော
အရာဖြစ်လျှင် မပေးလှူရ။ အကယ်၍ လူတစ်ယောက်
သည် သူ့အား အတင်းအဓမ္မဖြင့် ပေးစေသည်ဟု
ထင်မှတ်လျှင် သူသည် မပေးလှူရ။ စေတနာ စိတ်
ဖြင့် ဝမ်းမြောက်စွာပေးလှူခြင်းကိုသာ ဘုရားသခင်
နှစ်သက်တော်မူ၏။ ၈ ဘုရားသခင်သည် သင်တို့
လိုအပ်သည်ထက် ပို၍များသော ကောင်းချီးမင်္ဂလာ
များကို ပေးတော်မူမည်။ ထို့နောက် သင်တို့၌ ခပ်
သိမ်းသောအရာတို့ ကြွယ်ဝပြည့်စုံစွာ အစဉ်မပြတ်
ရှိကြလိမ့်မည်။ သင်တို့သည်လည်း ကောင်းသော
အမှုရှိသမျှတို့၌ လုံလောက်စွာ ပေးလှူနိုင်ကြပါ
လိမ့်မည်။ ၉ ကျမ်းစာ၌လာသည်မှာ

> “သူသည် ဆင်းရဲသောသူတို့အား
> ရက်ရောစွာပေးလှူပြီ၊
> သူ၏ကြင်နာခြင်းသည် ထာဝရ
> အစဉ်မပြတ်ဆက်လက်၍
> တည်ရှိပါလိမ့်မည်”

*ဆာလံ ၁၁၂း၉*

၁၀ ဘုရားသခင်သည် စိုက်ပျိုးလျက်ရှိသော သူတို့
အား မျိုးစေ့ကို ပေးသောသူဖြစ်၏။ သူသည် အစား
အစာအတွက် မုန့်ကို ပေးတော်မူ၏။ ထိုနည်းတူ
ဘုရားသခင်သည် သင်တို့အား ဝိညာဉ်ပကတိမျိုး
စေ့ကိုလည်း ပေးတော်မူ၍ သင်၏မျိုးစေ့ကိုလည်း
ကြီးထွားစေတော်မူလိမ့်မည်။ သူသည်ကြီးမားသော
ရိတ်သိမ်းခြင်းကို သင်၏ကောင်းမြတ်ခြင်း *(ပေး
ကမ်းစွန့်ကြဲ ခြင်း)* အားဖြင့် ပြုတော်မူလိမ့်မည်။
၁၁ ဘုရားသခင်သည်သင့်အား အရာရာတိုင်း၌ကြွယ်
ဝချမ်းသာစေတော်မူလိမ့်မည်။ သို့မှသာ သင်သည်
လည်း အစဉ်အမြဲလွတ်လပ်စွာ အလိုအလျောက်
ပေးကမ်းစွန့်ကြဲနိုင်ပါလိမ့်မည်။ ငါတို့အားဖြင့် သင်
တို့၏ပေးလှူခြင်းသည် လူတို့အား ဘုရားသခင်၏
ကျေးဇူးတော်ကို ချီးမွမ်းစရာအကြောင်းဖြစ်စေပါ
လိမ့်မည်။ ၁၂ ဤအမှုအရာကို ဆောင်ရွက်ခြင်းအား
ဖြင့် သင်တို့သည် ဘုရားသခင်၏ လူတို့လိုအပ်
သောအရာများကို ကူညီပါလိမ့်မည်။ သို့သော်လည်း
ထိုအရာမှာ သင်တို့ပြုသမျှသော အမှုဆောင်ရွက်
ခြင်း အားလုံးမဟုတ်ပါ။ ထိုအရာသည် ဘုရားသခင်
၏ ကျေးဇူးတော်ကိုလည်း ပို၍ပို၍ ချီးမွမ်းစရာ
အကြောင်းဖြစ်စေပါလိမ့်မည်။ သင်တို့ပြုသော ဤ
အမှုဆောင်ရွက်ခြင်းမှာ သင်တို့၏ယုံကြည်ခြင်းကို
သက်သေထူခြင်း ဖြစ်၏။ ၁၃ ဤအမှုအရာအားဖြင့်
လူတို့သည် ဘုရားသခင်အား ချီးမွမ်းကြပါလိမ့်မည်။
သူတို့သည် ဘုရားသခင်ကို ချီးမွမ်းကြပါလိမ့်မည်။
အဘယ်ကြောင့်ဆိုသော် ယုံကြည်ခြင်းဟုဆိုသော
ဧဝံဂေလိတရားတော်တည်းဟူသော ခရစ်တော်၏
ဧဝံဂေလိတရားတော်ကို သင်တို့သည် နားထောင်
လိုက်လျှောက်ကြသောကြောင့်ဖြစ်၏။ သင်တို့သည်
ထိုသူတို့နှင့်သော်လည်းကောင်း၊ လူအားလုံးတို့နှင့်
သော်လည်းကောင်း လွတ်လပ်စွာအလိုအလျောက်
ဝေမျှပေးကမ်း စွန့်ကြဲသောကြောင့် လူတို့သည်
ဘုရားသခင်ကို ချီးမွမ်းကြပါလိမ့်မည်။ ၁၄ ထိုလူ
တို့သည် ဆုတောင်းကြသောအခါ သင်တို့နှင့်အတူ

ရှိနေကြရန် ဆန္ဒရှိကြပါလိမ့်မည်။ ဘုရားသခင်သည်
သင်တို့အား ပေးတော်မူသည့် ကြီးမားလှသော
ကျေးဇူးတော် *(ကြင်နာခြင်း)*ကြောင့်သူတို့သည် ဤ
အရာကို ခံစားကြရပါလိမ့်မည်။ ၁၅ ရှင်းလင်း၍ မ
ပြောပြနိုင်လောက်အောင် အလွန်အံ့သြဖွယ်ကောင်း
သော ကျေးဇူးတော်အတွက် ဘုရားသခင်ကို ချီးမွမ်း
ခြင်းရှိစေသော။

## ပေါလုသည် သူ၏အမှုတော်ကို အကာအကွယ်ပြုခုခံခြင်း

၁၀ ငါသည် ပေါလုဖြစ်၏။ ငါသည် သင်တို့ကို
တောင်းပန်၏။ ငါသည် သင်တို့အား ခရစ်
တော်၏ နူးညံ့သိမ်မွေ့ခြင်းနှင့် ကြင်နာခြင်းဖြင့်
တောင်းပန်၏။ ငါသည် သင်တို့နှင့်အတူရှိသော
အခါ နှိမ့်ချခြင်းရှိ၍ အဝေး၌ရှိသောအခါ ရဲရင့်ခြင်း
ရှိသည်ဟု အချို့သောသူတို့က ပြောဆိုကြ၏။ ၂ ငါ
တို့သည် လောကီပုံသဏ္ဌာန်ကို ဆောင်၍ အသက်
ရှင်ကြသည်ဟု အချို့သောသူတို့က ထင်မှတ်ကြ
၏။ ငါသည် ရောက်လာသောအခါ ထိုသူတို့ကို
အလွန်ရဲရင့်စွာ ဆန့်ကျင်မည်ဟု အကြံရှိ၏။ ငါ
သည် ရောက်လာသောအခါ သင်တို့နှင့်ရှိသော
ရဲရင့်ခြင်းမျိုးကို ငါသည် အသုံးပြုရန် လိုအပ်လိမ့်
မည်မဟုတ်ကြောင်း သင်တို့အား ငါတောင်းပန်၏။
၃ ငါတို့သည် ဤလောက၌ အသက်ရှင်နေကြ၏။
သို့သော်လည်း ငါတို့သည် လောကီသားတို့ တိုက်
လှန်သောနည်းအတိုင်း ငါတို့သည် တိုက်လှန်ခြင်း
မပြုကြ။ ၄ ငါတို့သည် လောကီသားတို့သုံးသော
လက်နက်များနှင့် ကွဲပြားခြားနားသော လက်နက်
များဖြင့် စစ်တိုက်ကြ၏။ ငါတို့၏လက်နက်များသည်
ဘုရားသခင်ထံမှလာသော တန်ခိုးဖြစ်၏။ ဤလက်
နက်များသည် ရန်သူတို့၏အားကြီး၍ ခိုင်ခံ့သော
နေရာများကို ဖြိုဖျက်၍ ပျက်စီးစေနိုင်၏။ ငါတို့
သည် လူတို့ ၏ ငြင်းခုံခြင်းများကို ဖျက်ဆီးစေကြ
၏။ ၅ ငါတို့သည် ဘုရားသခင်ကို သိကျွမ်းခြင်း
ပညာကို ဆန့်ကျင်၍ ဆီးတားသည့် ထောင်လွှား
သော မာန်မာနရှိသမျှတို့ကို ဖျက်ဆီးစေကြ၏။ ငါ
တို့သည် ခပ်သိမ်းသော စိတ်တို့ကို သိမ်းပိုက်
*(ဖမ်းဆီး)*ကြ၍ ထိုအရာများကို စွန့်လွှတ်စေလျက်
ခရစ်တော်ကို နာခံစေကြ၏။ ၆ ငါတို့သည် ထိုသို့
နားမထောင်သောသူ မည်သူကိုမဆို အပြစ်ဒဏ်
ပေးရန် အဆင်သင့်ရှိကြ၏။ သို့သော်လည်း ပထမ
တွင် သင်တို့သည် အပြည့်အဝနားထောင်ကြရန်
ငါတို့အလိုရှိကြ၏။
၇ သင်တို့ရှေ့၌ အမှန်တကယ်ဖြစ်သောအရာ
များကို သင်တို့သည်ကြည့်ရှုရမည်။ အကယ်၍
လူတစ်ယောက်က သူသည်ခရစ်တော်ကို အသေ
အချာပိုင်ဆိုင်ထားသည်ဟု ခံစားလျှင် ထိုသူနည်း
တူ ငါတို့သည်လည်း ခရစ်တော်ကို ပိုင်ဆိုင်ကြပြီ
ဖြစ်ကြောင်းကို ထိုသူသည် အောက်မေ့ရပါမည်။
၈ သခင်ဘုရားသည် ငါတို့ကိုပေးတော်မူသောအခွင့်
အာဏာ *(တန်ခိုးတော်)* အကြောင်းကို ငါတို့သည်
လွတ်လပ်စွာ ဝါကြွားကြသည်မှာ မှန်ကန်ပါ၏။ သို့
သော်လည်း သင်တို့ကို နာကျင်စေဖို့ရာ မဟုတ်။
သင်တို့ကို ခွန်အားနှင့် ပြည့်စုံစေဖို့ရန် သူသည်
ထိုတန်ခိုးတော်ကို ငါတို့အား အပ်ပေးတော်မူ၏။
ထို့ကြောင့် ငါတို့ပြုသော ထိုဝါကြွားခြင်းကြောင့် ငါ
သည် ရှက်ကြောက်ခြင်းရှိလိမ့်မည်မဟုတ်။ ၉ ငါ
ရေးသောစာများဖြင့် သင်တို့ကို ကြောက်လန့်စေ
ရန် ငါကြိုးစားနေသည်ဟု သင်တို့ ထင်မှတ်မည်
ကို ငါအလိုမရှိ။ ၁၀ "ပေါလုရေးသောစာများသည်
တန်ခိုးနှင့်ပြည့်ပြီး အမှားကင်း၍ အရေးကြီး၏။ သို့
သော်လည်း ငါတို့နှင့်အတူရှိသောအခါ သူသည်
အားနည်းလျက်ရှိ၏။ သူ၏ ဟောပြောသွန်သင်ခြင်း
တို့သည်လည်း ဘာမျှမဟုတ်။ အချည်းနှီးသာဖြစ်
သည်"ဟု အချို့သောသူတို့က ပြောဆိုကြ၏။ ၁၁ ထို
သူတို့သည် ဤအရာကို သိသင့်ပါ၏။ ငါတို့သည်
ယခုတွင် သင်တို့နှင့်အတူ ထိုနေရာ၌မရှိကြ။ ထို့
ကြောင့် ငါတို့သည် ဤအကြောင်းအရာတို့ကို
စာအားဖြင့် ရေးထားကြ၏။ သို့သော်လည်း ငါတို့
သည် ထိုနေရာ၌ သင်တို့နှင့်အတူ ရှိကြသောအခါ
ငါတို့၏စာများ၌ ဖော်ပြသောတန်ခိုးရှိသည်အတိုင်း
ငါတို့သည် ထင်ရှားစေကြလိမ့်မည်အကြောင်းကို
ထိုသူတို့သည် သိသင့်၏။
၁၂ သူတို့သည် အလွန်အရေးကြီးသောသူများ
ဖြစ်ကြသည်ဟု ထင်မှတ်ကြသောသူတို့နှင့် ရော
နှော၍ တူညီသောအုပ်စုထဲတွင် ကိုယ်ကိုယ်ကိုထည့်
သွင်းရန် ငါတို့သည် ရဲဝံ့ခြင်း မရှိကြ။ ငါတို့သည်
သူတို့နှင့် ကိုယ်ကိုယ်ကို နှိုင်းယှဉ်ခြင်းမရှိ။ သူတို့
သည် ကိုယ်ကိုယ်ကိုသာ တိုင်းထွာကြ၍ သူတို့ဖြစ်
သည့်အတိုင်း ကိုယ်ကိုယ်ကို တရားစီရင်ကြ၏။ သူတို့
သည် ဘာဆိုဘာမှ မသိကြသည်ကို ဤအရာများ
အားဖြင့် ထင်ရှား၏။ ၁၃ သို့သော်လည်း ငါတို့ ဆောင်
ရွက်ရန်ပေးသော ပြင်ပအရာများအားဖြင့် ငါတို့
သည်ဝါကြွားလိမ့်မည်မဟုတ်ကြ။ ဘုရားသခင်သည်

ငါတို့၌ အပ်ပေးတော်မူသောအမှုအရာတို့၌ ငါတို့
၏ဝါကြွားခြင်းသည် အကန့်အသတ်ရှိလိမ့်မည်။
သို့သော်လည်း ဤအမှုအရာမှာ ငါတို့ပြုသောအမှု
တွင် သင်တို့နှင့်အတူ အလုပ်လုပ်ခြင်းကို ပြည့်စွန်
တော်မူ၏။ ၁၄ ငါတို့သည် ဝါကြွားခြင်းအလျှင်းမရှိ။
အကယ်၍ ငါတို့သည် သင်တို့ဆီသို့ ရောက်လာ
ဖူးခြင်းမရှိခဲ့သော် ငါတို့သည် အလွန်အကျွံဝါကြွား
ခြင်းရှိမည်။ သို့သော်လည်း ငါတို့ သည် သင်တို့ဆီ
သို့ ရောက်ခဲ့ပြီးဖြစ်၏။ ငါတို့သည် ခရစ်တော်၏
ဝမ်းမြောက်စရာသတင်းကောင်းနှင့်အတူသင်တို့
ဆီသို့ လာခဲ့ကြ၏။ ၁၅ ငါတို့၏အမှုအရာဖြစ်သော
အလုပ်များအားဖြင့် ငါတို့၏ ဝါကြွားခြင်းကို ငါတို့
သည်အကန့်အသတ်ထားကြ၏။ အခြားသောသူတို့
ပြုသောအမှုအရာတို့၌ ဝါကြွားရန် ငါတို့သည် အလို
မရှိ။ သင်တို့၏ ယုံကြည်ခြင်းသည် ဆက်လက်၍
ကြီးထွားလိမ့်မည်ဟု ငါတို့ ယုံကြည်ကြ၏။ ငါတို့၏
အလုပ်သည် အလွန်ကြီးမားစွာကြီးထွားလာရန် သင်
တို့သည် ကူညီကြလိမ့်မည်ဟု ငါတို့ မျှော်လင့်
လျက်ရှိကြ၏။ ၁၆ သင်တို့နေသော မြို့အလွန်အရပ်
ဒေသများ၌ ဝမ်းသာစရာသတင်းကောင်းကို ဟော
ပြောရန် ငါတို့အလိုရှိကြ၏။ အခြားသောသူတို့၏
နယ်ပယ်တွင် အဆင်သင့်လုပ်ဆောင်ပြီးဖြစ်သော
အလုပ်အကြောင်းကို ဝါကြွားရန် ငါသည် အလို
မရှိ။ ၁၇ သို့သော်လည်း “ဝါကြွားသောသူမည်သည်
မှာ သခင်ဘုရား၌သာ ဝမ်းမြောက်၍ ဝါကြွားစေ”။
၁၈ သူသည် ကောင်းသောသူဖြစ်သည်ဟု လက်ခံ
သောသူတို့ကြောင့် မဟုတ်။ သခင်ဘုရားကလက်ခံ
သောသူဖြစ်ရမည်။

## ပေါလုနှင့် မှားယွင်းသောတမန်တော်များ

၁၁ သေးငယ်သော ငါ၏ မိုက်မဲခြင်းကိုပင်
လျှင် သင်တို့သည် စိတ်ရှည်စွာသည်းခံ
ကြရန် ငါအလိုရှိ၏။ သို့သော်လည်း သင်တို့သည်
ငါ၌ စိတ်ရှည်သည်းခံခြင်းရှိကြပြီးဖြစ်၏။ ၂ ငါသည်
သင်တို့အတွက် စိုးရိမ်သောစိတ်ရှိ၏။ ဤစိုးရိမ်ခြင်း
စိတ်သည် ဘုရားသခင်ထံတော်မှလာသော စိုးရိမ်
ခြင်းစိတ်ဖြစ်၏။ ငါသည် သင်တို့ကို ခရစ်တော်
အား ဆက်သရန် ကတိရှိ၏။ ခရစ်တော်သည်သာ
လျှင် သင်တို့၌ တစ်ပါးတည်းသောခင်ပွန်းဖြစ်ရ
မည်။ ငါသည် သင်တို့အား ခရစ်တော်၏ ဖြူစင်
သော သတို့သမီးဖြစ်ဖို့ရန် အလိုရှိ၏။ ၃ သို့သော်
လည်း သင်တို့၏ စစ်မှန်ခြင်းနှင့် ဖြူစင်စွာ ခရစ်
တော်နောက်ကိုလိုက်ခြင်းမှ သင်တို့၏စိတ်နှလုံးတို့
သည် လမ်းမှားသို့ ရောက်သွားမည်ကို ငါစိုးရိမ်
ကြောက်ရွံ့လျက်ရှိ၏။ ဧဝသည် မြွေ*(မာရ်နတ်)*၏
ပရိယာယ် *(လိမ်ညာလှည့်ဖြားခြင်း)*အားဖြင့် လှည့်
စားခြင်းကို ခံခဲ့ရသည်နည်းတူ ဤအရာသည် ဖြစ်
ပျက်စရာအကြောင်း ရှိ၏။ ၄ သင်တို့အား ငါတို့
ဟောပြောသောအရာများနှင့် ကွဲပြားခြားနားသော
ယေရှု၏အကြောင်းများကို ဟောပြောရန် သင်တို့
ဆီသို့ရောက် လာသမျှသော သူတို့၌ သင်တို့သည်
အလွန် စိတ်ရှည်ခြင်း၊ သည်းခံခြင်းရှိကြ၏။ သင်တို့
သည် ငါတို့ထံမှ ခံယူသောအရာများနှင့် ကွဲပြား
ခြားနားသော ဝိညာဉ်တစ်ပါး သို့မဟုတ် ဧဝံဂေလိ
တစ်ပါး ကို ခံယူလက်ခံရန် အလွန်စိတ်နှလုံးပါကြ
၏။ ထို့ကြောင့် သင်တို့သည် ငါတို့နှင့်အတူ စိတ်
ရှည်ခြင်း၊ သည်းခံခြင်းပြုသင့်၏။
၅ ထို “ကြီးမားသောတမန်တော်များ” တို့သည်
ငါ့ထက်သာ၍ကောင်းမွန်မည်ဟု ငါသည် အလျှင်း
မထင်မှတ်။ ၆ ငါသည် သင်ယူလေ့ကျင့်ခြင်းကို
ခံယူပြီး ဟောပြောသောသူတစ်ယောက် မဟုတ်။
သို့သော်လည်း ငါသည် အမှန်ပညာရှိ၏။ ငါတို့
သည် ဤအရာကို သင်တို့အား နည်းလမ်းအစုံဖြင့်
ထင်ရှားစွာ ဖော်ပြကြ၏။
၇ ငါသည် အဖိုးအခကို မယူဘဲ ဘုရားသခင်၏
ဝမ်းမြောက်စရာသတင်းကောင်းကို သင်တို့အား
ဟောပြော၏။ ငါသည် သင်တို့ကို ကြီးမားသော
တန်ဖိုးရှိစေရန် ကိုယ့်ကိုယ်ကို နှိမ့်ချလျက်ရှိ၏။
ထိုအရာသည် မှားယွင်းသည်ဟု သင်တို့ထင်မှတ်
ကြပါသလား။ ၈ ငါသည် အဖိုးအခကို အခြားအသင်း
တော်များထံမှ ခံယူ၏။ ငါသည် သင်တို့အမှုကို
ဆောင်ရွက်စေနိုင်ရန် သူတို့၏ငွေကို ယူရ၏။ ၉ အ
ကယ်၍ ငါသည် သင်တို့နှင့်အတူ ရှိနေခဲ့စဉ် တစ်
စုံတစ်ခု လိုအပ်သည်ရှိခဲ့သော် ငါသည် သင်တို့
တွင် မည်သူ့ကိုမျှ ဒုက္ခဆင်းရဲခြင်းမပြုခဲ့။ မာကေ
ဒေါနိပြည်မှ ရောက်လာခဲ့သော ညီအစ်ကိုသည်
ငါလိုအပ်သမျှသောအရာအားလုံးတို့ကိုပေးခဲ့လေ
၏။ သင်တို့သည် ငါ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေ
ရန် ငါသည် မည်သည့်နည်းဖြင့်မဆို ခွင့်မပြုခဲ့။
ငါသည်လည်း သင်တို့အတွက် ဝန်ထုပ်ဝန်ပိုးအ
လျှင်းမဖြစ်။ ၁၀ အခါယပြည်၌ရှိသော သူတို့တွင်
မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုအကြောင်း၌ဝါ
ကြွားခြင်းမှ ငါ့ကိုဆီးတားကြလိမ့်မည်မဟုတ်။ ခရစ်
တော်၏သမ္မာတရားသည် ငါ့အထဲ၌ရှိသောကြောင့်

ဤအရာကို ငါဆို၏။ ၁၁ ငါသည် အဘယ်ကြောင့်
သင်တို့၌ ဝန်တာမရှိရသနည်း။ ငါသည် သင်တို့ကို
မချစ်သောကြောင့်ဖြစ်သည်ဟု သင်တို့ထင်မှတ်ကြ
ပါသလား။ ထိုသို့ မဟုတ်ပါ။ သင်တို့ကို ငါချစ်
သည်အကြောင်း ဘုရားသခင်သိတော်မူ၏။
၁၂ ယခု ငါပြုလျက်ရှိသောအမှုအရာတို့ကို ငါ
သည် ဆက်လက်၍ ပြုပါမည်။ ငါသည် ဤအရာကို
ဆက်လက်၍ ပြုပါလိမ့်မည်။ အဘယ်ကြောင့်ဆို
သော် ထိုသူတို့သည် ဝါကြွားစရာအကြောင်းရှိခြင်းမှ
ရပ်တန့်ကြရန် ငါအလိုရှိ၏။ သူတို့ဝါကြွားစရာအ
ကြောင်းဖြစ်စေသော အမှုအရာမှာ ငါတို့၌ရှိသော
အရာများနည်းတူ ဖြစ်သည်ကို သူတို့ပြောဆိုသင့်
၏။ ၁၃ ဤသူတို့သည် စစ်မှန်သောတမန်တော်များ
မဟုတ်။ သူတို့သည် မုသာစကားကို သုံး၍မဟုတ်
မမှန် ပြောဆိုသောသူများဖြစ်ကြ၏။ လူတို့သည် သူ
တို့ကို ခရစ်တော်၏တမန်တော်များဖြစ်ကြသည်ဟု
ထင်မှတ်လာကြရန် သူတို့သည် ကိုယ်ကိုယ်ကို
ပြောင်းလဲစေ၍ အယောင်ဆောင်တတ်ကြ၏။ ၁၄ ထို
အရာသည် ငါတို့ကို အံ့သြခြင်းမဖြစ်စေပါ။ အဘယ်
ကြောင့်နည်း။ စာတန် *(မာရ်နတ်)* သည်ပင်လျှင်
လူတို့သည် သူ့အား လင်းသောတမန်တော်တစ်ပါး
ဖြစ်သည်ဟု ထင်မှတ်လာကြစေရန် သူ့ကိုယ်သူ
ပြောင်းလဲ၍ အယောင်ဆောင်တတ်၏။ ၁၅ ထို့ကြောင့်
စာတန်၏ အစေခံကျွန်တို့သည် ဖြောင့်မတ်ခြင်း
တရားကို ဟောပြောလုပ်ဆောင်သော အစေခံများ
ကဲ့သို့ သူတို့ကိုယ်သူတို့ အယောင်ဆောင်ကြလျှင်
ထိုအရာသည် ငါတို့အား အံ့သြခြင်းကို မဖြစ်စေပါ။
သို့သော်လည်း အဆုံး၌ ထိုသူတို့သည် သူတို့လုပ်
ဆောင်သောအရာများအတွက်အဖိုးအခ *(အပြစ်ဒဏ်)*
ကို ခံရကြလိမ့်မည်။

**ပေါလုသည် သူခံရသောဒုက္ခဆင်းရဲကို ပြောပြခြင်း**

၁၆ ငါသည် သင်တို့အား တဖန်ဆိုသည်မှာ ငါ
သည် လိမ်လည်လှည့်ဖြားတတ်သော အရူးတစ်
ယောက်ဖြစ်သည်ဟု အဘယ်သူမျှ မထင်စေနှင့်။
သို့သော်လည်း အကယ်၍ ငါသည် ရူးသောသူတစ်
ယောက်ဖြစ်သည်ဟု သင်တို့ထင်မှတ်လျှင် သင်
တို့သည် ရူးသောသူ တစ်ယောက်ကို လက်ခံသကဲ့
သို့ ငါ့ကိုလက်ခံကြပါ။ ၁၇ ထို့နောက် ငါသည် အနည်း
ငယ်သာ ဝါကြွားနိုင်မည်ဖြစ်၏။ ငါသည် ဝါကြွား
လျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ငါ့ကိုယ်ကို
ယုံကြည်စိတ်ချလျက်ရှိ၏။ သို့သော်လည်း ငါ သည်
သခင်ဘုရားပြောသောစကားနည်းတူ ငါပြောသည်
မဟုတ်။ ငါသည် ရူးသောသူတစ်ယောက်ကဲ့သို့ ဝါ
ကြွားလျက်ရှိ၏။ ၁၈ မြောက်မြားစွာသောလူတို့သည်
ဤလောက၌ ရှိသော သူတို့၏ အသက်တာများအ
တွက် ဝါကြွားလျက် ရှိကြ၏။ ထို့ကြောင့် ငါသည်
လည်း ငါကြွားလျက် ရှိ၏။ ၁၉ သင်တို့သည် ပညာရှိ
လျက် လိမ္မာ သောသူဖြစ်ကြ၏။ ထို့ကြောင့် သင်တို့
သည် ရူးသောသူများအပေါ် ဝမ်းမြောက်စွာစိတ်
ရှည်သည်းခံခြင်းရှိကြလိမ့်မည်။ ၂၀ သင်တို့သည်
စိတ်ရှည်သည်းခံခြင်း ရှိကြလိမ့်မည်ကို ငါသိ၏။
အဘယ်ကြောင့်ဆိုသော် သင်တို့အား အနိုင်အထက်
ပြုသောသူတစ်ယောက်ကိုပင် သင်တို့သည် စိတ်
ရှည်သည်းခံကြ၏။ သင်တို့အား ပရိယာယ်ဖြင့် လှည့်
စားသောသူ သို့မဟုတ် သူတို့သည် သင်တို့ထက်
သာ၍ ကောင်းမွန်သည်ဟု ထင်မှတ်သောသူသို့ မ
ဟုတ် သင်တို့၏ မျက်နှာကို ရိုက်ပုတ်သောသူတို့
အပေါ်၌ သင်တို့သည် စိတ်ရှည်သည်းခံခြင်းရှိကြ
၏။ ၂၁ ဤအရာကိုပြောခြင်းသည် ငါ့အဖို့ ရှက်ဖွယ်
ရာဖြစ်၏။ သို့သော်လည်း ထိုအရာများကို သင်တို့
၌ ပြုရန် ငါတို့သည် အလွန်“အားနည်း”လျက်ရှိခဲ့
ကြ၏။

သို့သော်လည်း အကယ်၍မည်သူမဆို ဝါကြွား
ရန် လုံလောက်စွာရဲရင့်ခြင်းရှိလျှင် ငါသည်လည်း
ရဲရင့်ခြင်းနှင့် ဝါကြွားခြင်းရှိလိမ့်မည်။ (ငါသည်
အရူးတစ်ယောက်ကဲ့သို့ ပြောဆိုနေ၏)။ ၂၂ ထိုသူ
တို့သည် ဟေဗြဲလူဖြစ်ကြပါသလား။ ငါသည်လည်း
ဖြစ်၏။ သူတို့သည် ဣသရေလလူဖြစ်ကြပါသလား။
ငါသည်လည်း ဖြစ်၏။ သူတို့သည် အာဗြဟံအမျိုး
အနွယ်မှ ဖြစ်ကြပါသလား။ ငါသည်လည်း ဖြစ်၏။
၂၃ ထိုသူတို့သည် ခရစ်တော်၏အမှုကိုဆောင်ရွက်
ကြပါသလား။ ငါသည် ကိုယ်တော်အတွက် သာ၍
အမှုတော်ဆောင်လျက်ရှိ၏။ (ငါသည် ဤကဲ့သို့
ပြောဆိုရန် ရူးသွပ်လျက်ရှိ၏)။ ငါသည် ထိုသူတို့
လုပ်ဆောင်သည်ထက် ခက်ခဲပင်ပန်းစွာ လုပ်
ဆောင်ခဲ့၏။ ငါသည် ပို၍မကြာခဏ ထောင်ထဲသို့
ထည့်သွင်းခြင်းကို ခံခဲ့၏။ ငါသည် ရိုက်ပုတ်ခြင်း
ထက် ပို၍နာကျင်ခဲ့ပြီ။ ငါသည် ကြိမ်ဖန်များစွာ
သေလုနီးပါး ဖြစ်ခဲ့ပြီ။ ၂၄ ဂျူးလူမျိုးတို့သည် ငါ့ကို
သူတို့၏အပြစ်ဒဏ်ဖြစ်သော သားရေကြိုးနှင့် သုံး
ဆယ့် ကိုးကြိမ်ရိုက်ခြင်းကို ငါးကြိမ်တိုင်တိုင်ခံရ၏။
၂၅ ငါသည်သုံးကြိမ်တိုင်အောင်ကြိမ်လုံးနှင့် ရိုက်ခြင်း
ကို ခံရ၏။ ငါသည်သေလုနီးပါးဖြစ်အောင်ကျောက်

ခဲနှင့်ပစ်ခြင်းကို တစ်ကြိမ်ခံခဲ့ရ၏။ ငါသည် သင်္ဘော
ပျက်ထဲတွင် သုံးကြိမ်ရှိခဲ့၏။ ထိုအထဲတွင် တစ်ကြိမ်
၌ တစ်ညနှင့် တစ်နေ့ပတ်လုံး ပင်လယ်ထဲမှာ နေ
ရ၏။ ၂၆ ငါသည် ကြိမ်ဖန်များစွာ ခရီးပြုခဲ့၏။ ငါ
သည် ရေလမ်းခရီး၊ သူခိုးများဘေး၊ ငါ့လူမျိုးချင်း
ဖြစ်သောလူများ *(ဂျူးလူ)* နှင့် ဂျူးလူမျိုး မဟုတ်သော
လူများစသည်တို့၏ အန္တရာယ်များကို ကြုံတွေ့ခဲ့
ရ၏။ ငါသည် မြို့ကြီးများ၊ လူသူမနေသောနေရာ
များ၊ ပင်လယ်ပြင်စသည်တို့၌လည်း ဘေးအန္တရာယ်
များကို ရင်ဆိုင်ခဲ့ရ၏။ သူတို့သည် ညီအစ်များဖြစ်
ကြသည်ဟု ဆို၏။ သို့သော်လည်း ညီအစ်ကို အစစ်
အမှန်မဟုတ်ကြ သူများနှင့်လည်း ဘေးအန္တရာယ်
ကိုတွေ့ကြုံခဲ့ရ၏။ ၂၇ ငါသည် ကြမ်းတမ်း၍ ပင်ပန်း
သောအလုပ်များကို ပြုလုပ်ခဲ့၏။ ငါသည် ကြိမ်ဖန်
များစွာ မအိပ်နိုင်ခဲ့။ ငါသည် အစာငတ်မွတ်ခြင်း၊
ရေငတ်ခြင်းကို ခံရ၏။ ငါသည် ကြိမ်ဖန်များစွာ
အစားအစာပြတ်လျက်ရှိ၏။ ငါသည် အအေးဒဏ်ကို
ခံရသော်လည်း ဝတ်စရာအဝတ်အစားမရှိ။ ၂၈ အ
ခြားသော ပြဿနာအခက်အခဲများစွာရှိပါသေး၏။
ထိုအထဲတွင် ငါသည် အသင်းတော်များကို ကြည့်
ရှုစောင့်ရှောက်ခြင်းသည် တစ်ခုဖြစ်၏။ ငါသည်
သူတို့အတွက် နေ့စဉ်နေ့တိုင်း စိတ်ပူပန်ခြင်း၊
စိုးရိမ်ခြင်းရှိ၏။ ၂၉ အခြားသောသူသည် အားနည်း
လျက်ရှိသောအခါတိုင်း၌ ငါသည် အားနည်းခြင်း
ကို ခံရ၏။ အခြားသောသူသည် အပြစ်သွေးဆောင်
ခြင်းသို့ ပို့ဆောင်ခြင်းကို ခံရသောအခါတိုင်း၌ ငါ
သည် အတွင်းစိတ်နှလုံးထဲ၌ ဝမ်းနည်းပူဆွေးခြင်း
ကို ခံစားရ၏။

၃၀ အကယ်၍ ငါသည် ဝါကြွားရလျှင် ငါ့ကို အား
နည်းခြင်းအကြောင်းဖြစ်စေသောအရာများတို့၌ ငါ
သည် ဝါကြွားလိမ့်မည်။ ၃၁ ငါသည် လိမ်ညာ၍
မဟုတ်မမှန်သော မုသာစကား မပြောသည်ကို
ဘုရားသခင် သိတော်မူ၏။ သူသည် ဘုရားသခင်
ဖြစ်တော်မူ၍ ယေရှုခရစ်တော်၏ ခမည်းတော်လည်း
ဖြစ်တော်မူ၏။ သူသည် ထာဝရချီးမွမ်းခြင်းရှိစေ
သော။ ၃၂ ငါသည် ဒမာသက်မြို့အနီး၌ရှိနေစဉ် အရေ
တမင်းကြီး၏အောက်၌ အုပ်စိုးသောသူသည် ငါ့
ကို ဖမ်းဆီးရန် အလိုရှိခဲ့၏။ ထို့ကြောင့် သူသည် မြို့
တွင်းနေရာအနှံ့ အစောင့်အကြပ်များကို ချထား
လေ၏။ ၃၃ သို့သော်လည်း အချို့သော မိတ်ဆွေ
များသည် ငါ့ကိုတောင်းတစ်ခုထဲ၌ ထည့်ကြ၏။ ထို့
နောက် သူတို့သည် ထိုတောင်းကိုမြို့ရိုး၏အပေါက်
တစ်ခုထဲသို့ထည့်၍ ငါ့အား အောက်သို့ ချလိုက်
ကြ၏။ ထို့ကြောင့် ငါသည် ထိုမြို့ဝန်လက်မှ ထွက်
ပြေးလွတ်မြောက်ခဲ့ရ၏။

## ပေါလု၏အသက်တာ၌ အထူးကောင်းချီးမင်္ဂလာတစ်ခု

၁၂ ငါသည် ဆက်လက်၍ ဝါကြွားရပါမည်။
ထိုအရာသည် ကူညီမှုကို မပေး။ သို့သော်
လည်း ယခုတွင် ငါသည် သခင်ဘုရားထံတော်မှ
လာသောရူပါရုံများနှင့် ဗျာဒိတ်တော်များအကြောင်း
ကို ပြောဦးမည်။ ၂ တတိယကောင်းကင်သို့တိုင်
ချီဆောင်ခြင်းကို ခံရသောခရစ်တော်၏ လူတစ်
ယောက်ကို ငါသိ၏။ ဤအရာသည် ကုန်လွန်ခဲ့ပြီး
သော တစ်ဆယ့်လေးနှစ်က ဖြစ်ပျက်ခဲ့၏။ ထိုလူ
သည် သူ၏ကိုယ်ခန္ဓာ၌ဖြစ်သည်ကိုလည်းကောင်း၊
သို့မဟုတ် သူ၏ကိုယ်ခန္ဓာမပါဘဲ ဖြစ်သည်ကို
လည်းကောင်း ငါမသိ။ သို့သော်လည်း ဘုရား
သခင်သည် သိတော်မူ၏။ ၃-၄ ဤလူသည် ပရဒိ
သုဘုံသို့ ချီဆောင်ခြင်းခံရသည်ကို ငါသိ၏။ သို့ရာ
တွင် သူသည် သူ၏ကိုယ်ခန္ဓာထဲ၌ ရှိသည်။ သို့မ
ဟုတ် သူ၏ကိုယ်ခန္ဓာမှ ဝေးကွာသည်ကို ငါမသိ။
သို့သော်လည်း သူသည် ရှင်းပြရန် မတတ်နိုင်သော
အရာများတို့ကို ကြားခဲ့ရ၏။ မည်သူမျှပြောပြရန်
မဖြစ်နိုင်သောအရာများကို သူကြားခဲ့ရ၏။ ၅ ငါ
သည် ထိုကဲ့သို့သော လူ၏အကြောင်း၌ ဝါကြွား
လိမ့်မည်။ သို့သော်လည်း ငါသည် ကိုယ့်အကြောင်း
၌ဝါကြွားလိမ့်မည်မဟုတ်။ ငါ၏အားနည်းခြင်းအရာ
များ၌သာ ငါဝါကြွားလိမ့်မည်။ ၆ သို့သော်လည်း ငါ
သည် ကိုယ့်အကြောင်း၌သာ ဝါကြွားလျှင် ငါသည်
ရူးသောသူတစ်ယောက် မဖြစ်နိုင်။ ငါသည် သမ္မာ
တရားကို ဟောပြောသောကြောင့် ရူးသောသူတစ်
ယောက်မဖြစ်နိုင်။ သို့သော်လည်း ငါသည် ကိုယ့်
အကြောင်း၌ မဝါကြွားနိုင်။ အဘယ်ကြောင့်နည်း။
အဘယ်ကြောင့်ဆိုသော် လူတို့သည် ငါ့ကိုမြင်သော
အရာ သို့မဟုတ် ငါပြောသောအရာကို ကြားသော
အရာထက် ငါ့ကို ပိုမိုထင်မှတ်ကြရန် ငါအလိုမရှိ
သောကြောင့်ဖြစ်၏။

၇ သို့သော်လည်း ငါ့အားထင်ရှားစေသည့် အံ့ဩ
ဖွယ်သောအရာများ၌ ငါသည် ဝင့်ကြွားလျက် မာန်
မာနထောင်လွှားခြင်းမပြု။ ထို့ကြောင့် နာကျင်စေ
သော ခက်ခဲမှုပြဿနာကို ငါ၌အပ်ပေးတော်မူ၏။
ထိုပြဿနာမှာ စာတန် *(မာရ်နတ်)*မှ လာသော

တမန်တစ်ပါးဖြစ်၏။ ထိုအရာသည် ငါ့ကိုရိုက်နှက်
ရန်နှင့် အလွန်မာန်မာနထောင်လွှားခြင်းမှ ဆီးတား
ရန် စေလွှတ်ခဲ့ခြင်းဖြစ်၏။ ၈ ဤပြဿနာကို ငါ့ထံမှ
ခွါ၍ အဝေးသို့ ယူသွားရန် ငါသည် ဘုရားသခင်ကို
သုံးကြိမ်တိုင်တိုင်ဆုတောင်း၏။ ၉ သို့သော်လည်း
သခင်ဘုရားသည် ငါ့အား "ငါ့ကျေးဇူး *(ကြင်နာခြင်း)*
သည် သင့်အတွက် လုံလောက်လျက်ရှိ၏။ သင်
သည် အားနည်းခြင်းရှိသောအခါ ငါ၏တန်ခိုးသည်
သင်၏အထဲ ၌ စုံလင်စေတော်မူ၏"ဟု မိန့်တော်
မူ၏။ ထို့ကြောင့် ငါ၏အားနည်းခြင်းအမှုများ၌ ဝါကြွား
ရန် ငါသည် အလွန်ဝမ်းမြောက်လျက်ရှိ၏။ ထို့နောက်
ခရစ်တော်၏တန်ခိုးတော်သည် ငါ၏အထဲ၌ အသက်
ရှင်လိမ့်မည်။ ၁၀ ထို့ကြောင့် ငါသည် အားနည်းခြင်း
ရှိသောအခါ ငါသည် ဝမ်းမြောက်လျက်ရှိ၏။ လူတို့
သည် ငါ့အား ဆိုးသောအရာများကို ပြောသောအခါ
ငါဝမ်းမြောက်ခြင်းရှိ၏။ ငါသည် ကြမ်းတမ်းခက်ခဲ
သောအချိန်များ၌ရှိသောအခါ ငါသည် ဝမ်းမြောက်
ခြင်းရှိ၏။ လူတို့သည် ငါ့အား ဆိုးရွားစွာပြုမူဆက်ဆံ
သောအခါ ငါ၌ဝမ်းမြောက်ခြင်းရှိ၏။ ငါသည် အခက်
အခဲပြဿနာများစွာရှိသောအခါ ငါသည်ဝမ်းမြောက်
လျက်ရှိ၏။ ဤအရာအားလုံးတို့သည် ခရစ်တော်
အတွက်ဖြစ်၏။ သို့ဖြစ်၍ ငါသည် ဤအရာများအား
ဖြင့် ဝမ်းမြောက်ခြင်းရှိ၏။ အဘယ်ကြောင့်ဆိုသော်
ငါသည် အားနည်းသောအခါ အမှန်စင်စစ် ခွန်အား
နှင့်ပြည့်စုံ၏။

## ကောရိန္သုမြို့၌ရှိသော ခရစ်ယာန်များအတွက် ပေါလု၏မေတ္တာ

၁၁ ငါသည် အရူးတစ်ယောက်ကဲ့သို့ ပြောဆိုခဲ့
ပြီးဖြစ်၏။ သို့သော်လည်း သင်တို့သည် ထိုအရာကို
ငါ့အားပြုစေကြ၏။ သင်တို့သည် ငါ့အကြောင်း
ကောင်းသောအရာများကို ပြောဆိုကြမည့်သူများ
ဖြစ်ကြ၏။ ငါသည် ဘာမျှထိုက်တန်ခြင်းမရှိ။ သို့
သော်လည်း ထို "ကြီးမားသောတမန်တော်များ" သည်
လည်း ငါ့ထက် သာ၍အလျှင်းထိုက်တန်ခြင်းမရှိ
ကြ။ ၁၂ ငါသည် သင်တို့နှင့်အတူရှိစဉ် တမန်တော်
တစ်ပါးဖြစ်ကြောင်းကို သက်သေပြသောအရာတို့
ကို ပြုခဲ့ ၏။ ငါသည် နမိတ်လက္ခဏာများ၊ အံ့ဩ
ဖွယ်ရာများနှင့် ထူးဆန်းသောတန်ခိုးများကို ပြုခဲ့
၏။ ငါသည် အလွန်စိတ်ရှည်ခြင်း၊ သည်းခံခြင်းဖြင့်
ဤအရာများတို့ကို ပြုခဲ့၏။ ၁၃ ထို့ကြောင့် အခြား
သော အသင်းတော်များ ခံရသမျှသော အရာခပ်
သိမ်းတို့ကို သင်တို့သည်လည်း ခံရကြ၏။ အရာ
တစ်ခုသာလျှင် ခြားနားခြင်းရှိ၏။ ငါသည် သင်တို့၌
ဝန်ထုပ်မဟုတ်ခဲ့ပါ။ ဤအရာအတွက် ငါ့ကို ခွင့်
လွှတ်ကြပါ။

၁၄ ယခုတွင် ငါသည် သင်တို့ရှိရာသို့ တတိယ
အကြိမ် အလည်အပတ်လာရန် အဆင်သင့်ဖြစ်၏။
ငါသည် သင်တို့အတွက် ဝန်ထုပ်တစ်ခုဖြစ်ဦးမည်
မဟုတ်။ ငါသည် သင်တို့၌ရှိသော မည်သည့်အရာ
တစ်ခုကိုမျှ အလိုမရှိ။ ငါသည် သင်တို့ကိုသာ အလို
ရှိ၏။ ကလေးများတို့သည် သူတို့မိဘများတို့ကို
ပေးဖို့ရန် မည်သည့်ပစ္စည်းကိုမျှ စုသိမ်းခြင်းမပြု
သင့်။ မိဘများတို့သည်သာလျှင် သူတို့၏ ကလေး
များကို ပေး ဖို့ရန် စုသိမ်းကြရ၏။ ထို့ကြောင့် ငါ၌ရှိ
သမျှသောအရာတို့ကို သင်တို့အတွက်ပေးလှူခြင်း
၌ ငါဝမ်းမြောက်ခြင်းရှိ၏။ ငါသည် သင်တို့အတွက်
ကိုယ်ကိုယ်ကိုပင် ပေးလှူဦးမည်။ ငါသည် သင်
တို့ကို ပို၍ချစ်လျှင် သင်တို့သည် ငါ့ကို သာ၍
မေတ္တာလျော့ကြမည်လော။

၁၆ ငါသည် သင်တို့၌ ဝန်ထုပ်တစ်ခုမဖြစ်ခဲ့
သည်မှာ ရှင်းလင်းလျက်ရှိ၏။ သို့သော်လည်း ငါ
သည် သင်တို့ကို ဖမ်းဆီးရန် မာယာပရိယာယ်ဖြင့်
လှည့်စားခြင်းနှင့် မုသာပြောသည်ဟု သင်တို့ ထင်
မှတ်ကြ၏။ ၁၇ ငါစေလွှတ်သောသူတစ်ယောက်အား
ဖြင့် ငါသည် သင်တို့ကို လိမ်ညာလှည့်ဖြားခဲ့ပြီ
လော။ ထိုသို့မလှည့်ဖြားပါ။ ငါသည် မလှည့်ဖြားခဲ့
သည်ကို သင်တို့ သိကြ၏။ ၁၈ တိတုသည် သင်တို့ရှိ
ရာသို့သွားရန် ငါတောင်းပန်ခဲ့၏။ ငါတို့၏ညီအစ်ကို
လည်း သူနှင့်အတူ ငါစေလွှတ်ခဲ့၏။ တိတုသည်
သင်တို့ကိုလိမ်လည်လှည့်ဖြားခြင်းမပြု။ သူသည်
လိမ်ညာခဲ့ပါသလား။ ထိုသို့မလိမ်ညာခဲ့ပါ။ တိတု
နှင့် ငါသည် တူညီသောအရာများတို့ကို တူညီ
သော စိတ်ဝိညာဉ်ဖြင့် ပြုခဲ့ကြသည်ကို သင်တို့သိ
ကြ၏။

၁၉ ငါတို့သည် သင်တို့ရှေ့၌ ကိုယ့်ကိုယ်ကို
တစ်ချိန်လုံးအကွယ်အကာပြုခဲ့ကြသည်ဟု သင်တို့
ထင်မှတ်ကြပါသလား။ ငါတို့သည် ဤအရာများ
တို့ကို ဘုရားသခင်ရှေ့တော်၌ ပြောဆိုကြ၏။ သင်
တို့ သည် ငါတို့ ချစ်လှစွာသော မိတ်ဆွေများဖြစ်
ကြ၏။ ငါတို့ပြုသမျှသောအရာခပ်သိမ်းတို့သည်
သင်တို့အား ပို၍ခွန်အားနှင့် ပြည့်စုံစေရန်ဖြစ်၏။
၂၀ ငါသည် ဤအရာကိုပြု၏။ အဘယ်ကြောင့်ဆိုသော်
ငါသည်ရောက်လာသောအခါ သင်တို့အား ငါဖြစ်
စေလိုသည်အတိုင်း သင်တို့ ဖြစ်မလာကြမည်ကို

ငါစိုးရိမ်ကြောက်ရွံ့နေသောကြောင့်ဖြစ်၏။ ငါသည်
လည်း သင်တို့ အလိုရှိသည်အတိုင်း ဖြစ်မလာနိုင်
မည်ကို ငါစိုးရိမ်ကြောက်ရွံ့နေ၏။ သင်တို့အထဲ၌
ငြင်းခုံခြင်း၊ မနာလိုခြင်း၊ အမျက်ထွက်စိတ်ဆိုးခြင်း၊
အတ္တသဘောဖြင့် ရန်တွေ့ခြင်း၊ သူ့အသရေကို
ရှုတ်ချပြောဆိုခြင်း၊ အတင်းအဖျင်းစကားပြောခြင်း၊
မာန် မာနထောင်လွှားခြင်း၊ ရှုတ်ထွေး၍ ကမောက်
ကမဖြစ်ခြင်းများရှိမည်ကို ငါစိုးရိမ်ကြောက်ရွံ့နေ
၏။ [၂၁] ငါသည် သင်တို့ဆီသို့ တဖန် လာသောအခါ
ငါ၏ဘုရားသခင်သည် သင်တို့ရှေ့၌ ငါ့ကို နှိမ့်ချ
တော်မူမည်ကို ငါသည် စိုးရိမ်ကြောက်ရွံ့ခြင်းရှိ၏။
သင်တို့တွင် အများသောသူတို့သည် အပြစ်ဒုစရိုက်
ကိုပြုကြသည်ဖြစ်၍ ငါသည် ဝမ်းနည်းရ၏။ သင်တို့
အထဲ တွင် သူတို့၏ ဆိုးညစ်သောအသက်တာများ၊
ကိလေသာလွန်ကျူးခြင်းအမှုတို့ ကိုပြုမိသော အပြစ်
များနှင့် သူတို့ပြုခဲ့သော စက်ဆုပ်ရွံရှာဖွယ်ကောင်း
သောအရာများတို့အတွက် သူတို့ ၏စိတ်နှလုံးများ
နောင်တမရ၊ မပြောင်းလဲသောသူတို့ကြောင့် ငါ
သည် ဝမ်းနည်းရ၏။

## နောက်ဆုံးသတိပေးခြင်းနှင့် နှုတ်ဆက်ခြင်း

၁၃ ငါသည် သင်တို့ဆီသို့ တဖန်လာဦးမည်။
ထိုအချိန်သည် တတိယအကြိမ် ဖြစ်လိမ့်
မည်။ "မကျေနပ်မှုကို တိုင်ကြားခြင်းရှိသမျှတို့သည်
လူနှစ်ဦး သို့မဟုတ် သုံးဦးတို့က ထိုအရာမှန်သည်
ကို သူတို့သိကြ၏ဟု ပြောဆိုရမည်"ဖြစ်ကြောင်း
ကို ငါအောက်မေ့၏။ [၂] ငါသည် သင်တို့နှင့်အတူ
ဒုတိယအကြိမ်ရှိစဉ်အခါပြစ်မှားသောသူတို့ကို သတိ
ပေးခဲ့၏။ ယခုတွင် ငါသည် သင်တို့နှင့်အတူ မနေ
သော်လည်း အခြားပြစ်မှားသောသူ အားလုံးတို့ကို
လည်း ငါသည် သတိပေး၏။ ငါသည် သင်တို့ဆီသို့
တဖန်ပြန်လာသောအခါ သင်တို့၏အပြစ်အတွက်
သင်တို့ကို အပြစ်ပေးလိမ့်မည်ဖြစ်၏။ [၃] ခရစ်တော်
သည် ငါ့အားဖြင့် စကားပြောတော်မူသော သက်
သေကို သင်တို့ အလိုရှိကြ၏။ ငါ၏သက်သေမှာ
ခရစ်တော်သည် သင်တို့ကို အပြစ်ဒဏ်ပေးရာတွင်
အားနည်းခြင်းမရှိ။ သို့သော်လည်း ခရစ်တော်သည်
သင်တို့အထဲ၌ တန်ခိုးနှင့်ပြည့်စုံတော်မူ၏။ [၄] ခရစ်
တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်
မူစဉ် သူသည် အားနည်းလျက်ရှိခဲ့သည်မှာ အမှန်
ဖြစ်၏။ သို့သော်လည်း သူသည် ဘုရားသခင်၏
တန်ခိုးတော်အားဖြင့် အသက်ရှင်တော်မူ၏။ ထို
နည်းတူ ငါတို့သည် ခရစ်တော်၌ အားနည်းလျက်
ရှိကြသည်မှာ အမှန်ဖြစ်၏။ သို့သော်လည်း သင်
တို့အတွက် ငါတို့သည် ဘုရားသခင်၏ တန်ခိုး
တော်အားဖြင့် ခရစ်တော်၌ အသက်ရှင်ကြရလိမ့်
မည်ဖြစ်၏။
[၅] ကိုယ်ကိုယ်ကို နီးကပ်စွာကြည့်ကြပါ။ သင်တို့
သည် ယုံကြည်ခြင်း၌ အသက်ရှင်ကြသည် အသက်
မရှင်ကြသည်ကို သိမြင်ရန် ကိုယ်ကိုယ်ကို စစ်ကြော
စီရင်ကြပါ။ ခရစ်တော် ယေရှုသည် သင်တို့အထဲ၌
ရှိတော်မူသည်ကို သင်တို့ သိကြ၏။ သို့သော်လည်း
သင်တို့သည် စစ်ကြောစီရင်ခြင်းကို မခံနိုင်လျှင်
*(ယုံကြည် ခြင်း၌ အသက်မရှင်လျှင်)* ခရစ်တော်
သည် သင်တို့အထဲ၌ အသက်ရှင်တော်မူလိမ့်မည်
မဟုတ်။ [၆] သို့သော်လည်း ငါတို့သည် စစ်ကြော
စုံစမ်းခြင်း၌မဆုံးရှုံးဘဲ အစစ်ခံနိုင်ကြသည်ကို သင်
တို့သည် မြင်ရကြလိမ့်မည်ဟု ငါမျှော်လင့်လျက်
ရှိ၏။ [၇] သင်တို့သည် မည်သည့်အမှားအယွင်းကိုမျှ
မပြုကြမည်အကြောင်း ငါတို့ဆုတောင်းကြ၏။ ငါတို့
သည် စစ်ကြောစုံစမ်းခြင်း ကိုအောင်မြင်ကျော်လွှား
နိုင်သည်ကို လူတို့ မြင်ရခြင်းမှာ အရေးကြီးသော
အရာ မဟုတ်ပါ။ သို့သော်လည်း အကယ်၍ ငါတို့
သည် စစ်ကြောစုံစမ်းခြင်းကို မခံနိုင်ဘဲ ဆုံးရှုံးကြ
သည်ဟု လူတို့သည် ထင်မှတ်ကြသော်လည်း အ
ဘယ်အရာသည် တရား၍ဖြောင့်မတ်သည်ကို သင်
တို့သည် ကျင့်ကြရန်မှာ အရေးကြီးသောအရာဖြစ်၏။
[၈] သမ္မာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သောအရာ
များတို့ကို ငါတို့သည် မပြုနိုင်။ [၉] ငါတို့သည် အား
နည်းသောအရာမှာ ခွန်အားနှင့် ပြည့်စုံလျှင် ဝမ်း
မြောက်ခြင်းရှိကြ၏။ သင် တို့သည် ကြီးထွားကြကာ
ပို၍ပို၍ ခွန်အားနှင့် ပြည့်စုံကြရန် ငါတို့သည်
ဆုတောင်းကြ၏။ [၁၀] ငါသည် သင်တို့နှင့်အတူ မရှိ
စဉ်ခါ ဤအရာများတို့ကို ငါရေးလျက်နေ၏။ ငါ
ရောက်လာသောအခါ သင်တို့ကို အပြစ်ဒဏ်ပေး
ရန် ငါ၏အခွင့်အာဏာကို ငါမသုံးမည်အကြောင်း
ငါရေး၏။ သင်တို့သည် ပျက်စီးခြင်းသို့ မရောက်၊
ပို၍ခွန်အားနှင့်ပြည့်စုံကြရန် သခင်ဘုရားသည် ထို
အခွင့်အာဏာကို ငါ့အား ပေး တော်မူ၏။
[၁၁] ညီအစ်ကိုမောင်နှမများတို့ ယခုတွင် သင်
တို့၌ မင်္ဂလာရှိပါစေသောဟူ၍ ငါနှုတ်ဆက်၏။
စုံလင်ခြင်းသို့ရောက်ရန် ကြိုးစားကြပါ။ ငါသည်
သင်တို့အား ပြုကြရန် တောင်းပန်သောအရာများ
တို့ကို ပြုကြပါ။ အချင်းချင်းတစ်ယောက်ကို တစ်

ယောက်စိတ်ဝိညာဉ်များ၌ သဘောတူညီကြလျက်
ငြိမ်သက်စွာ အသက်ရှင်နေကြပါ။ ထို့နောက် ဘုရား
သခင် ၏ ချစ်ခြင်းမေတ္တာနှင့် ငြိမ်သက်ခြင်းသည်
သင် တို့နှင့်အတူရှိပါစေသော။
၁၂ သင်တို့သည် အချင်းချင်းတစ်ယောက်ကို
တစ်ယောက် နှုတ်ဆက်ကြသောအခါ သန့်ရှင်း
သောနမ်းခြင်းနှင့် နှုတ်ဆက်ကြပါ။ ၁၃ဘုရားသခင်
၏ သန့်ရှင်းသောသူအားလုံးတို့သည် သင်တို့ကို
နှုတ်ဆက်ကြ၏။
၁၄ သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်
*(ကြင်နာခြင်း)*၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်
နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ
ဖွဲ့ခြင်း *(ဝေမျှခံစားခြင်း)* တို့သည် သင်တို့အားလုံး
တို့နှင့် အတူရှိပါစေသော။

ကောရိန္သုသြဝါဒစာဒုတိယစောင်ပြီး၏။